စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ခေတ်ပေါ်ကဗျာလမ်း



ကဗျာချစ်မက်စိတ်၊ အသစ်ရင်ခုန်သံနဲ့ ခေတ်ပေါ်ကဗျာလမ်း

mgyoe.com

မင်းဆွေနှစ်

ဒုတိယအကြိမ်

mgyoe.com

# ခေတ်ပေါ်ကဗျာလမ်း

## မင်းခေတ္တနှစ်

ကဗျာဆရာတစ်ယောက်ရဲ့ အတွေးဟာ
လူတစ်ယောက်ရဲ့ အတွေးပါပဲ။
ကလေးအတွေး၊ လူကြီးအတွေး၊
သာမန်အတွေး၊ နက်နက်နဲနဲအတွေး၊
ကိစ္စမြားမြောင် လူတို့ဘောင် ဆိုသလို
ကမ္ဘာကြီးပေါ် လူသားတွေရဲ့
အဖြစ်အပျက်အကြောင်းခြင်းရာတွေက ဖြစ်လာတဲ့အတွေး၊
ဒီအတွေးတွေကိုပဲ
ကဗျာဆရာက ကဗျာဖြစ်အောင် ဖန်တီးရာမှာ
သာမန်လူရဲ့စကားထက် ထူးခြားကောင်းမွန်နေဖို့ပဲ
ဖြစ်ပါတယ်။
နိုင်ငံဒေသ၊ သဘာဝပတ်ဝန်းကျင် အငွေ့အသက်ရန့်၊
နိုင်ငံနဲ့ လူမျိုးတို့ရဲ့ ယဉ်ကျေးမှုဓလေ့စရိုက်၊ ဘာသာစကား
အသုံးအနှုန်း၊ ပရိယာယ်တို့အပြင် အဲဒါတွေနဲ့
ဆက်စပ်ရောယှက်ထားတဲ့ သင်္ကေတတွေ၊ နိမိတ်ပုံတွေ
သိသာထင်ရှားစွာလည်းကောင်း၊
မထင်မရှား မသိမသာသော်လည်းကောင်း
ပါဝင်နေသင့်တယ်လို့
တချို့ကလည်း အမျိုးသားရန့်သင်းဖို့ကိစ္စကို
ထည့်ပြောကြတယ်။
ကဗျာဆရာအားလုံး တစ်မျိုးတည်း တစ်ရောင်တည်း
ဖြစ်နေတဲ့ သက်ငြိမ်ရပ်နားရတဲ့ ခံစားမှုနဲ့
ထုတ်ကုန်ပစ္စည်းဆန်ဆန် ကဗျာတွေ၊
အနောက်တိုင်းဟန်ကို ဇွတ်အတင်း ပုံတူကူးချထားတဲ့
ကဗျာတွေ၊
ပုံသေနည်းဆန်တဲ့ အတတ်ပညာသက်သက်သုံး
ကွန်ပျူတာကဗျာတွေ၊
ဒါတွေကတော့ အသက်မဲ့အနုပညာတွေပဲ
ဖြစ်နေပါလိမ့်မယ်။

ISBN9789997118691
POEM86
9 789997 118691
2,000.00KS

mgyoe.com

ကဗျာချစ်မက်စိတ်၊ အသစ်ရင်ခုန်သံနဲ့ ခေတ်ပေါ်ကဗျာလမ်း၊ မင်းဆွေနှစ်
မျက်နှာဖုံးပန်းချီ- ဘငွေကြည်
စာမျက်နှာ ၁၂၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးခန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၆၊ ချင်းတွင်းအိမ်၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


၁။ လောကအမွန်သို့ တစ်ခေါက် ၁

၂။ အသစ်ငတ်ခြင်းနှင့် ပြန်လည်ဆန်းသစ်ခြင်း ၁၄

၃။ ကဗျာဆရာ နှင်းဆီစားနှင့် မြင်းရိုင်း…တစ်ကောင် ၁၉

၄။ လူနှစ်ယောက်၊ ကားတစ်စီး၊
အသစ်ငတ်ခြင်း တလွင့်လွင့်စိတ်ကူး ၂၆

၅။ မော်ဒန်ကဗျာကို ခံစားဖို့အတွက်
နားလည်ဖို့လိုသလား ၃၅

၆။ ကဗျာချစ်မက်စိတ် အသစ်ရင်ခုန်သံနဲ့
ခေတ်ပေါ်ကဗျာလမ်း ၅၄

၇။ ကြယ်ကြွေလျှင် ကျွန်တော်ငိုချင်သည် ၆၃

၈။ ရင်ထဲက ပြာလဲ့လဲ့တိမ်တိုက်တွေ ၇၀

၉။ ကဗျာဆရာရဲ့ သစ္စာပန်းများ ၇၅

၁၀။ ခေတ်ပေါ်ကဗျာ၊ ကာရန်၊ ရစ်သမ်နဲ့
နားမလည်ခြင်း ပြဿနာ ၈၂


mgyoe.com

mgyoe.com


၁၁။ ၈၄ ပန်းအိုးသစ်နှင့် ငြိမ်းချမ်းရေး နှင်းဆီပွင့်များ ၈၆

၁၂။ ခေတ်ပေါ်ကဗျာ အဘိဓမ္မာနဲ့ အလှတရား ၉၄

၁၃။ ပိတောက်ပန်း၊ စိန်ပန်း၊ ထင်းရှူးရိပ်နဲ့
(၃၃) လမ်းထိပ်က ခရေပွင့်လေးတွေ ၁၁၀

၁၄။ ခေတ်ပေါ်ကဗျာ အချိုးအကွေ့ (သို့မဟုတ်)
ခေတ်ပေါ်ကဗျာ တစ်ခေတ်ဆန်းချိန် ၁၁၈


❖

mgyoe.com

mgyoe.com

# လောကအမှန်သို့ တစ်ခေါက်

ဆရာ ခင်ဗျား…

ကျွန်တော်လည်း ရေးမယ်ရေးမယ်နဲ့ မရေးဖြစ်ခဲ့ဘူး။ ဆရာတို့က တော့ မေ့တောင်မေ့နေရှာမယ်။ ကျွန်တော်တို့ ဆရာဒဂုန်တာရာဆီသွားပြီး ကဗျာအကြောင်း၊ စာအကြောင်း ဆွေးနွေးကြ၊ မေးမြန်းကြ၊ စကားဝိုင်းဖွဲ့ ပြောဆိုကြတဲ့ နေ့တစ်နေ့ရယ်ပါ။ ဆရာရေ ခုတော့ နေရာတော်တော်များများ မှာ ကဗျာကိစ္စ (အထူးသဖြင့် မော်ဒန်လှိုင်းလုံးတွေ တဝုန်းဝုန်း ရိုက်ခတ်နေကြ ပြီ မဟုတ်လား)။

ခုတော့ အဲဒီနေ့လေးဟာ ဒီနေ့အချိန်မှာ လိုအပ်နေတဲ့ ပုစ္ဆာတစ်ခုဖြစ် ချင်ဖြစ်မယ်။ ဒါမှမဟုတ် အဖြေတစ်ခု ဖြစ်ချင်ဖြစ်နေမယ်။ ဘာပဲဖြစ်ဖြစ် အဆက်မပြတ် ရွေ့လျားပြောင်းလဲနေတဲ့ ကဗျာရေစီးကြောင်းမှာတော့ အနည်း နဲ့အများ အကျိုးကျေးဇူးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီစကားဝိုင်းမှာ ကျွန်တော့်အနေနဲ့ ဆွေးနွေးပြောဆိုမှုများမှာ အမှားအယွင်းများ ပါရှိခဲ့လျှင် လူငယ်များကို ကိုယ်စားမပြုတဲ့ လူငယ်တစ်ယောက်ရဲ့ ရပ်တည်မှု မှားယွင်း မှုသာ ဖြစ်ကြောင်းကိုတော့ ကြိုတင်ပြောပရစေ။

အဲဒီနေ့ဟာ (၁၃-၁၀-၉၄) နေ့ပါ။

mgyoe.com

mgyoe.com


အဆက်မပြတ် ရှာသွန်းနေတဲ့ ရန်ကုန်မိုးကို ခိုလှုံဖို့ ဘားလမ်းက သိင်္ဂီရွှေရည် လက်ဖက်ရည်ဆိုင်ကို ဝင်ခဲ့ပါတယ်။ မမျှော်လင့်ဘဲ ရန်ကုန် ရောက်နေတဲ့ မုံရွာအောင်ရှင်ကို ပက်ပင်းတွေ့လိုက်ရတယ်။ သူက အခု မော်ဘီကို သွားမည့်အကြောင်း၊ ဆရာဒဂုန်တာရာကို အင်တာဗျူး သွားလုပ်မည့်အကြောင်း ပြောတယ်။ အားရင် လိုက်ခဲ့ပါလားတဲ့။

ကျွန်တော့်မှာက စာပေဘဝခရီးတစ်လျှောက် ဆရာဒဂုန်တာရာရဲ့ စာတွေနဲ့ ရင်းနှီးခဲ့ရ၊ ကြီးပြင်းခဲ့ရ၊ လေးစားကြည်ညိုခဲ့ရတာပါလား။ ကျွန်တော်လိုက်မယ်၊ တွေ့ချင်မြင်ချင်တယ်။ စကားတွေ ပြောချင်တယ်။

တစ်လမ်းလုံး ရင်တွေ ခုန်နေတာပါပဲ။ ဟိုရောက်ရင် ဘာတွေပြော ရပါ့၊ ဘာတွေ မေးရပါ့။

ဒီလိုနဲ့ ဆရာ့ဆီရောက်တော့ ညှို့သည့်နှစ်ယောက်နဲ့ ဆရာဒဂုန်တာရာ အင်တာဗျူးနှစ်ခုကို တစ်ပြိုင်တည်းပြောနေရတာ ဆရာ့ကို တကယ်ပဲ ကျေးဇူးတင် တယ်။ ဆရာ့ရဲ့ပင်ပန်းမှုကို လေးလေးစားစား ဒီနေရာက တောင်းပန်ပါတယ်။

ဆရာရေ မုံရွာအောင်ရှင်ကတော့ အဲဒီအင်တာဗျူးကို စံပယ်ဖြူမှာ ရေးပြီးသွားပြီ၊ ဆရာဒဂုန်တာရာဟာ လူငယ်တွေကိုတွေ့ရင် လေးလေးစားစား နဲ့ လေ့လာတယ်။ မေးမြန်းတယ်။ ဆရာပြောပြောနေတဲ့ ခေတ်ပြိုင်ခံစားမှုကို ရအောင်ဖတ်ရှုကြိုးစားတယ်။ ဒီအတွက် လူငယ်တစ်ယောက်အနေနဲ့ ကျွန်တော် မလိမ်ဘူး။ မညာဘူး။ စာပေအပေါ်ကို သစ္စာမဖောက်ဘဲ ကျွန်တော့်ရင်ထဲက အရှိအတိုင်း ရဲရဲဝံ့ဝံ့ ပြောဆိုခဲ့တာဟာ-

ဒဂုန်တာရာ။ ။ ကိုမင်းဆွေနှစ် ကဗျာတွေကို ဘယ်အချိန်လောက်က စရေးသလဲ။

မင်းဆွေနှစ်။ ။ ဆရာ ကျွန်တော်ကဗျာကို (၇၆) ခုနှစ်လောက်က စရေး ဖြစ်ပါတယ်၊ ဒါပေမဲ့ ရေးသာရေးတယ်၊ ဘယ်မှ မပို့ပါ ဘူး၊ ကိုယ့်ဘာသာကိုယ်ရေးပြီး ကျွန်တော်တို့ အချင်း ချင်း အပြန်အလှန် ဖတ်ကြတာပါ။ မဂ္ဂဇင်းတွေ ဘာ တွေတော့ (၈၆) ခုနှစ် နောက်ပိုင်းကျမှ ပို့ဖြစ်၊ ပါခွင့်ရ တာပါ။

mgyoe.com

mgyoe.com


ဒဂုန်တာရာ။ ။ အဲဒီတော့ ကိုမင်းဆွေနှစ် ကဗျာကိုစရေးတော့ ဘယ်ကဗျာတွေကို စဖတ်သလဲ၊ ကျွန်တော် ပွင့်ပွင့်လင်းလင်း မေးမယ်နော်၊ ကျွန်တော်လည်း မေးဖို့ရာ မလွယ်ဘူး၊ ကြုံဖို့လည်း မလွယ်ဘူး၊ ကြုံသည့်တိုင်အောင်လည်း မေးဖို့ရာ အခွင့်အရေး ရချင်မှရမယ်၊ ပြီးတော့ စစ်တာ မဟုတ်ဘူး၊ စစ်တော့ စစ်တာပေါ့ဗျာ၊ လူကိုစစ်တာ မဟုတ်ဘူး၊ ကဗျာကိုစစ်တာ၊ ဆန်းစစ်တာပေါ့၊ ပြီးတော့ ကျွန်တော်တို့ ရှယ်တူတွေဆို မေးဖို့မလိုဘူး၊ ဘာလို့လဲ ဆိုတော့ သွားတူလာတူဆိုတော့ သိပြီးသား၊ ခုဟာက ကျွန်တော့်ထက် ငယ်တဲ့သူ၊ မျိုးဆက် ကွာခြားနေတဲ့ သူဆိုတော့ သိချင်တာ၊ ပွင့်ပွင့်လင်းလင်းသာ ဖြေဗျာ။

မင်းဆွေနှစ်။ ။ ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ဖြေပါ့မယ်။

ဒဂုန်တာရာ။ ။ ကဗျာစရေးတော့ ကိုမင်းဆွေနှစ် ကာရန်ပါသလား။

မင်းဆွေနှစ်။ ။ စရေးတော့ ကာရန်ပါတယ်ဆရာ၊ ပြောရရင် လေးလုံးစပ်ကို စရေးတာ။

ဒဂုန်တာရာ။ ။ ဒါဖြင့် ကိုမင်းဆွေနှစ် ကဗျာစရေးတော့ ခုနကပြောတဲ့ ဘယ်ကဗျာတွေကို စဖတ်သလဲ။

မင်းဆွေနှစ်။ ။ ကဗျာတွေကို စဖတ်တာကတော့ မိုးဝေမဂ္ဂဇင်းကဗျာတွေကို စဖတ်ခဲ့တာပဲ ဆရာ၊ မိုးဝေကဗျာတွေဟာ ကျွန်တော်တို့ စွဲစွဲလမ်းလမ်း ကြိုက်ခဲ့ကြတဲ့ ကဗျာတွေပါပဲ။

ဒဂုန်တာရာ။ ။ ကိုမင်းဆွေနှစ် အဲဒီတုန်းက မင်းသုဝဏ်တို့၊ ဇော်ဂျီတို့ ဖတ်လား၊ ကြိုက်လား။

မင်းဆွေနှစ်။ ။ ဖတ်ရတာပေါ့ဆရာ၊ ကျွန်တော်တို့ ကျောင်းသင်ခန်းစာထဲတောင် ပါခဲ့သေးတာပဲ၊ ပျဉ်းမငုတ်တိုတို့၊ ဗေဒါလမ်းတို့ပေါ့ဆရာ။

ဒဂုန်တာရာ။ ။ အဲဒီကဗျာတွေကို ကြိုက်လား။

mgyoe.com

mgyoe.com


မင်းဆွေနှစ်။ ။ ကြိုက်တယ်ဆရာ၊ ဒါပေမဲ့ ကြိုက်တော့ကြိုက်တယ်၊ ကဗျာကို စရေးတော့မယ်ဆိုတော့ အဲဒီပုံသဏ္ဌာန်တွေ မကြိုက်တော့ဘူး၊ ကဗျာရဲ့အတွေးပဲ ကြိုက်တော့တယ်။

ဒဂုန်တာရာ။ ။ ဘာလို့ မကြိုက်လဲ။

မင်းဆွေနှစ်။ ။ ဘာလို့မကြိုက်လဲဆိုတော့ ကျွန်တော်တို့ ရိုက်ခတ်မှုပေါ့၊ အဲဒီအချိန်မှာ ကျွန်တော်တို့ အိပ်ရာဘေးမှာ အစုလိုက်အပုံလိုက် ဖတ်တဲ့ကဗျာတွေက မိုးဝေမဂ္ဂဇင်းက ကဗျာတွေ ဖြစ်နေတော့ ဆရာပြောသလို ခေတ်ပြိုင်ခံစားမှုပေါ့ဆရာ၊ ကျွန်တော်တို့ကို အဲဒီအချိန်မှာ ဇော်ဂျီတို့၊ မင်းသုဝဏ်တို့ထက် မိုးဝေကဗျာတွေက ပိုလွှမ်းမိုးခဲ့တယ်။ လွှမ်းမိုးသလိုလည်း ကျွန်တော်တို့က ကြိုက်ခဲ့ကြတာ၊ အဲဒီတော့ ဆရာဇော်ဂျီတို့၊ မင်းသုဝဏ်တို့ မကောင်းတာ မဟုတ်ဘူး၊ အနုပညာတစ်ရပ် ဖန်တီးတော့မယ်ဆိုတော့ သူတို့ ပုံသဏ္ဌာန်တွေကို မကြိုက်တော့တာ။

ဒဂုန်တာရာ။ ။ ကိုမင်းဆွေနှစ် ဒဂုန်တာရာကိုတော့ ဖတ်ဖူးလား၊ မိုးဝေကဗျာတွေ ဖတ်တဲ့အချိန်ပေါ့၊ ကျွန်တော်က ကဗျာတွေ အရေးနည်းတယ်။ ကဗျာစာအုပ်တော့ ထုတ်ဖူးတယ် ''အလင်္ကာ'' ဆိုတဲ့ စာအုပ်ပေါ့။

မင်းဆွေနှစ်။ ။ ဖတ်ဖူးပါတယ်ဆရာ။

ဒဂုန်တာရာ။ ။ ကြိုက်ကော ကြိုက်ရဲ့လား။

မင်းဆွေနှစ်။ ။ ပွင့်ပွင့်လင်းလင်း ပြောမယ်ဆရာ၊ ဆရာ့ဆီက ကဗျာရဲ့ လှပမှုတွေ၊ ကဗျာဆန်မှုတွေကို ကြိုက်တယ်၊ ပုံသဏ္ဌာန်ကို မကြိုက်ဘူး၊ ခုချိန်ထိ ဆရာ့ဆီက အသစ်မရဘူး၊ ပုံသဏ္ဌာန်ပိုင်းပေါ့ ဆရာ၊ အဘိဓမ္မာကတော့ ရပါတယ် ဆရာ၊ ကြိုက်လည်း ကြိုက်ပါတယ်၊ ခေတ်ပြိုင်

mgyoe.com

mgyoe.com


ခံစားမှုကို ရေးတော့မယ်ဆိုတော့ လေးလုံးစပ်နဲ့တင် မလုံလောက်တော့ဘူး ဆရာ။

ဒဂုန်တာရာ။ ။ ဟုတ်ပြီ ဒါဆို မကြိုက်တဲ့အကြောင်းကို ဆရာသိချင်တယ်၊ ဒါတော့ စဉ်းစားပြီး ဖြေပေါ့ဗျာ၊ ကာရန်တွေ သုံးလို့ မကြိုက်တာလား၊ ကျွန်တော်တို့ကတော့ ကာရန် တော့ပါတယ်၊ ဒါပေမဲ့ လေးလုံးစပ်တော့ မဟုတ်ဘူး၊ ဒီဘက်ခေတ်မှာ ပြောင်းလာတယ်၊ လေးသုံးနှစ်တော့ မဟုတ်တော့ဘူး၊ တစ်လုံးစီပဲ၊ အကြောင်းအရာပေါ် မူတည်ပြီးရေးတယ်၊ အဲဒီတော့ လေးလုံးစပ်ကို မကြိုက် တာလား၊ ကာရန်ကို မကြိုက်တာလား။

မင်းဆွေနှစ်။ ။ လေးလုံးစပ်ဆိုတဲ့ ဖွဲ့စည်းမှုပုံသဏ္ဍာန်ကို မကြိုက်တာ၊ လွတ်လပ်မှုနည်းပြီး ကျဉ်းကျပ်တယ်ထင်လို့ မကြိုက်တာ။

ဒဂုန်တာရာ။ ။ ကောင်းပြီ၊ ဒါဆို လေးလုံးမဟုတ်ဘူး၊ လေးလုံး စည်းကမ်းကိုဖယ်လိုက်မယ်၊ လေးလုံး၊ ငါးလုံး၊ ခြောက်လုံး၊ ခုနစ်လုံး ရှိချင်သလို ရှိပေါ့ဗျာ၊ အဲဒီလေးလုံး မဟုတ် တဲ့ဟာနဲ့ ကာရန်ထည့်လို့ မရဘူးလား။

မင်းဆွေနှစ်။ ။ ရပါတယ်ဆရာ၊ ကာရန်ကတော့ ချိတ်လို့ရတာချည်း ပါပဲ၊ ဒါပေမဲ့ ဆရာ့စကားနဲ့ပြောရရင် ကာရန်မဲ့ချင်မဲ့ အဘိဓမ္မာမမဲ့နဲ့ဆိုသလိုပေါ့ ဆရာ၊ စကားပြေလိုတော့ မဆန်ရဘူးပေါ့ဆရာ၊ ကဗျာမှာတော့ ကဗျာပီသအောင် တော့ ကဗျာမူမြောက်ရမယ်၊ အနုပညာပစ္စည်း ဖြစ်ရ မယ်။

ဒဂုန်တာရာ။ ။ ကိုမင်းဆွေနှစ်ရေးတဲ့ ကဗျာတွေမှာ ကာရန်ပါသလား။

မင်းဆွေနှစ်။ ။ ပါချင်လည်း ပါတယ်၊ မပါချင်လည်း မပါဘူး၊ ကာရန် ကိုတော့ ဂရုစိုက်မရေးပါဘူး၊ စကားပြေဆန်လောက် အောင်လည်း မရေးပါဘူး၊ ကိုယ်ပြောချင်တဲ့ အကြောင်း အရာဟာ သိပ်ကောင်းနေတယ် ဆိုပါတော့၊ ကာရန်

mgyoe.com

mgyoe.com


ကြောင့် မပြောနိုင်မှာ၊ မပေးနိုင်မှာ ဖြစ်နေရင်တော့ ကာရန်ကို ဂရုစိုက်မနေတော့ဘူး၊ ပစ်ထားခဲ့တယ်၊ ကာရန်ကြောင့် ဒုက္ခရောက် မခံတော့ဘူး။

ဒဂုန်တာရာ။ ။ အဲဒီလိုဆို ကာရန်ကြောင့် ဒုက္ခရောက်တယ်လို့ ခံစားရသလား။

မင်းဆွေနှစ်။ ။ ကာရန်ကို ဂရုမစိုက်ဘူးဆိုတဲ့ သဘောပါဆရာ။

ဒဂုန်တာရာ။ ။ ကျေးဇူးတင်ပါတယ် ကိုမင်းဆွေနှစ်၊ ကျွန်တော့်ကို ဘယ်လိုမှ မထင်ပါနဲ့၊ ကျွန်တော် ဒီနေ့လူငယ်တွေ မော်ဒန်ကဗျာကို ဘယ်လိုပုံသဏ္ဌာန်နဲ့ ရေးနေကြသလဲ၊ သွားနေကြသလဲဆိုတာကို သိချင်လို့ပါ၊ ကိုမင်းဆွေနှစ် ကလည်း ကျွန်တော့်ရှေ့မှာ ရောက်နေတော့ ဒီအခွင့်အရေးကို အသုံးချလိုက်တာပါ၊ ဒီတော့ မော်ဒန်ကဗျာမှာ ပုံသဏ္ဌာန်ရှိသလား။

မင်းဆွေနှစ်။ ။ မော်ဒန်ကဗျာမှာ ပုံသဏ္ဌာန်မရှိဘူး ဆရာ။

ဒဂုန်တာရာ။ ။ ဟုတ်ပြီ၊ အဲဒါပဲ ဒီနေ့ ခင်ဗျားတို့ရေးနေတဲ့ ကဗျာတွေမှာ ပုံသဏ္ဌာန် မတွေ့ဘူး၊ ပုံသဏ္ဌာန်မပီသေးဘူးလို့ ပြောရင် တချို့က လက်မခံဘူး။

မင်းဆွေနှစ်။ ။ ဒါပေမဲ့ ဆရာ ဒီနေ့မော်ဒန်ကဗျာမှာ ဘယ်လိုရေးနေတယ်၊ ပုံသဏ္ဌာန်ဟာ ဘာလဲ၊ ဘယ်စနစ်နဲ့ ရေးသလဲဆိုတာကတော့ ရှင်းအောင် တစ်ဆင့်တက်ပြီး ပြောရရင် ဆရာ ဒီနေ့ မော်ဒန်ကဗျာမှာ –

(၁) စကားလုံး အတိအကျ မရှိဘူး၊ လေးလုံး၊ ငါးလုံး၊ ခြောက်လုံး ရှိချင်သလောက် ရှိမယ်။

(၂) ကာရန်စနစ် အဓိကမထားဘူး၊ (ပါချင်ပါမယ်၊ မဲ့ချင်မဲ့မယ်)

(၃) ကိုယ်ပြောချင်တဲ့ အကြောင်းအရာကို အနုပညာမြောက်စွာ ကဗျာမှု မြောက်ရမယ်။

mgyoe.com

mgyoe.com


အဲဒီစကားလုံးတို့၊ ကာရန်တို့ တင်းကျပ်အောင် ဘောင်ခတ်ထားခြင်း မရှိတဲ့ ပုံသဏ္ဍာန်တွေဟာပဲ ဒီနေ့ မော်ဒန်ကဗျာရဲ့စနစ် တစ်နည်းအားဖြင့် ပုံသဏ္ဍာန်ပဲ ဆရာ။

ဒဂုန်တာရာ။ ။ ဟုတ်ပြီ၊ ကိုမင်းဆွေနှစ် ကဗျာတွေဖတ်တော့ ဘယ်သူ့ကိုကြိုက်လဲ၊ ကျွန်တော်က သိပ်မဖတ်ဖြစ်တော့ ဒီကနေ့ကဗျာတွေကို ကောင်းကောင်း မသိဘူး။

မင်းဆွေနှစ်။ ။ ဆရာ ကျွန်တော် ဘယ်သူ့ကို ကြိုက်ပါတယ်လို့ အသေမရှိဘူး၊ လူကိုမကြိုက်ဘူး၊ ကဗျာကိုကြိုက်တာ၊ မောင်ချောနွယ်ကို ကြိုက်တယ်ဆိုပြီး မောင်ချောနွယ်ရေးသမျှ အကုန်မကြိုက်ဘူး၊ အဲသလို အောင်ဝေး ကြိုက်တယ်ဆိုပြီး အောင်ဝေးရေးသမျှ အကုန်မကြိုက်ဘူး၊ ကျွန်တော့်ရဲ့ လေ့လာမှုကို ပြောရရင် နိမိတ်ပုံအသုံးအစွဲ၊ အရေးအဖွဲ့ကို ပြောရရင် မောင်ချောနွယ်ကို ကြိုက်တယ်၊ အတွေးရဲတာ၊ အတွေးသစ်တာ ကိုနေမျိုးကို ကြိုက်တယ်၊ စကားလုံးတွေ သုံးစွဲမှုအားကောင်းတာကို ကိုအောင်ဝေးကို ကြိုက်တယ်၊ သဘာဝရဲ့ လှပမှု၊ သိမ်မွေ့မှု၊ စရိုက်အဖွဲ့အနွဲ့ကို ကိုအောင်ပွင့်ကို ကြိုက်တယ်၊ ကဗျာတစ်ပုဒ်လုံးရဲ့ အချိုးညီပြေပြစ်မှုကို အောင်ချိမ့်ကို ကြိုက်တယ်ဆရာ၊ ဒါနဲ့ဆရာ၊ ဆရာကတော့ ကျွန်တော်တို့ ကဗျာတွေကို ကြိုက်ရဲ့လား၊ ခံစားလို့ ရသလား။

ဒဂုန်တာရာ။ ။ အေးဗျာ၊ ကျွန်တော်က ဒီကနေ့ ကဗျာတွေကို သိပ်မဖတ်ဖြစ်ဘူး။

မင်းဆွေနှစ်။ ။ ဖတ်ဖြစ်သလောက်ထဲကပေါ့ ဆရာ။

ဒဂုန်တာရာ။ ။ စကားပြေဆန်တယ်၊ ခံစားလို့မရဘူး၊ မရဘူးဆိုတာက ရတာလည်း ရှိတယ်၊ မရတာလည်း ရှိတယ်ပေါ့ဗျာ၊ အကြမ်းအားဖြင့် မရဘူး၊ ပြီးတော့ ကျွန်တော်က မျက်စိ

mgyoe.com

mgyoe.com


သိပ်မကောင်းတော့ မဖတ်နိုင်ဘူး၊ စာကြောင်းတွေ ဘယ်လိုစီထားတယ်ဆိုတာ မသိရဘူး၊ တစ်ယောက်ယောက်ကို ဖတ်ခိုင်းရတယ်၊ အဲဒီတော့ ကဗျာတွေက စကားပြေဖြစ်နေတယ်၊ ကိုမင်းဆွေနှစ် ခင်ဗျား ကဗျာ တစ်ပုဒ်လောက် ရွတ်ပြစမ်းပါ။

မင်းဆွေနှစ်။ ။ ကျွန်ုပ်တော် "မဟေသီ" မှာပါတဲ့ "ဒါလီရဲ့နာရီများ" ဆိုတဲ့ ကဗျာ ရွတ်ပြမယ်ဆရာ။
- ပထမအပိုဒ်က

နွားနို့နဲ့ လုပ်ထားတဲ့ မျက်နှာတွေက
ရောင်လွှဲလို့မရအောင်
နေရာတကာ ခလုတ်တိုက်နေရ
ကြာတော့လည်း
ကျင့်သားရနေတဲ့ ငါ့စိတ်ကိုပဲ
ခွင့်မလွှတ်ချင်တော့။

ဒဂုန်တာရာ။ ။ အဲဒါစကားပြေပဲ၊ ဖတ်ပြတဲ့သူက စာကြောင်းစီထားပုံကို ပြောပြမှ ကျွန်တော်က သိရတာ။ ကျွန်တော် ပြောပြမယ်

မဲဇာတောင်ခြေ
စီးထွေထွေတည်း
မြစ်ရေဝန်းလည်
မြိုင်တောဆီက

အဲဒီလို မျက်စိနဲ့ကြည့်စရာမလိုဘဲ၊ ကာရန်တွေနဲ့ဆက်ပြီး အလိုလို အဖြတ်အတောက် ပါပြီးသားဖြစ်နေတယ်။

မင်းဆွေနှစ်။ ။ ဆရာ ကျွန်တော်တို့ ခုရေးနေတဲ့ ကဗျာတွေနဲ့ ဟိုး (၇၀)ခု၊ မိုးဝေကဗျာတွေကို ယှဉ်လိုက်မယ်ဆိုရင် ဆရာ

mgyoe.com

mgyoe.com


အနေနဲ့ ဘယ်ကဗျာတွေကို ကြိုက်ပြီး၊ ဘယ်ဟာကို ပိုခံစားရသလဲ၊ ဘာကြောင့်လဲဆိုတာ ရှင်းပြပေးပါ ဆရာ။

ဒဂုန်တာရာ။ ။ ဒါက ဒီလိုရှိတယ်ဗျ၊ ဟိုတုန်းကဆိုရင် မိုးဝေကဗျာတွေကို ဖတ်ရသလောက် နိုင်ငံရေး အတွေးအခေါ်လေးတွေပါတယ်၊ အဲဒီတုန်းက ဗီယက်နမ်ကို အမေရိကန်က ကျူးကျော်တယ်၊ ကျွန်တော်တို့ကလည်း အဲဒီအချိန်မှာ ကျူးကျော်တာကို မကြိုက်ဘူးပေါ့၊ ဗီယက်နမ်ပြည်သူတွေဘက်က နေတယ်၊ ဒီအကြောင်းတွေကို မိုးဝေကဗျာတွေမှာ တွေ့ရတယ်၊ သဘောကျတယ်၊ ဒါပေမဲ့ အဖွဲ့အနွဲ့ကိုတော့ သဘောမကျဘူး။ ဘာလို့လဲဆိုတော့ အဖွဲ့အနွဲ့က ဆန်းသစ်တယ်လို့ မထင်ဘူး။

မင်းဆွေနှစ်။ ။ ဒါဆို ဒီနေ့ ကဗျာတွေကောဆရာ။

ဒဂုန်တာရာ။ ။ ဒီနေ့ ကဗျာတွေကတော့ ဆိုတော့ ဆန်းသစ်မှုတော့ရှိတယ်။ ဒါပေမဲ့ ဆန်းသစ်မှုဆိုတာလည်း ပြန်စစ်ဦးမှ၊ စကားလုံး ဆန်းသစ်တာလား၊ ပုံသဏ္ဌာန် ဆန်းသစ်တာလား၊ ဒီတော့ ပုံသဏ္ဌာန်အနေနဲ့ မဆန်းသစ်ဘူး၊ စကားပြေပဲ၊ ဘယ်ဆန်းသစ်မလဲ၊ ကျွန်တော် မျှော်လင့်ထားတာက မျှော်လင့်ချက်က မျှော်လင့်သလို မရဘူး၊ ဒါမို့ ကျွန်တော်က ကာရန်မဲ့မဲ့ မမဲ့မဲ့၊ မဲ့တာ မမဲ့တာ အရေးမကြီးဘူး၊ အဘိဓမ္မာမမဲ့ဖို့ အရေးကြီးတယ်လို့ ပြောတာ၊ ကျွန်တော်ပြောတဲ့စကားက ခင်ဗျားတို့အရွယ်တွေ ကိုမင်းဆွေနှစ်တို့ လူငယ်တွေ ကောက်တာကို ကျွန်တော် စောဒကတက်ဦးမယ်၊ ကျွန်တော် ပြောလိုချင်တာက အဘိဓမ္မာမမဲ့ဖို့ ပြောချင်တာ၊ အဲဒါဟာ နံပါတ်တစ်။

မင်းဆွေနှစ်။ ။ ကျွန်တော်တို့ကလည်း အဲဒီလိုပါပဲ ဆရာ။

mgyoe.com

mgyoe.com


ဒဂုန်တာရာ။ ။ ဒါပေမဲ့ ကာရန်မဲ့လည်း မဲ့ပါ၊ ဒါပေမဲ့ မမဲ့ချင်လည်း မမဲ့နဲ့၊ အဲဒီလို ဘာသာရပ်နှစ်ခု ရွေးခိုင်းတာ ကာရန်မဲ့ ရမယ်လို့ ကျွန်တော်မပြောဘူး၊ အချို့က မဲ့ရမယ်လို့ ပြောတယ်လို့ အဓိပ္ပာယ်ကောက်ဟန်တူတယ်၊ ဒေါ်းက ပြောတဲ့လူတွေ ပြောတာက ပိုဆိုးတာပေါ့၊ ခုရေးတဲ့ လူငယ်တွေဟာတဲ့ ကာရန်မပိုင်သေးဘူးတဲ့၊ ကာရန်နဲ့ ကို မရေးတတ်ဘူးလို့တဲ့၊ အဲဒီလို နားနဲ့ဆတ်ဆတ် ကြားရတယ်၊ အဲဒီလို ပြောတဲ့သူတွေဟာ ရှေးသမား တွေဗျ၊ အဘိဓမ္မာမဲ့တဲ့သူတွေ၊ အဲဒီအချိန်မှာ ကျွန်တော် က ဘယ်သွားရပ်မလဲ၊ လူငယ်တွေဟာ တက်မယ့် သူတွေဗျ၊ ကျွန်တော်က အားပေးရမယ်၊ ဒါကြောင့် ကာရန်မဲ့တာ မမဲ့တာ အရေးမကြီးဘူး၊ အဘိဓမ္မာမမဲ့ဖို့ အရေးကြီးတယ်လို့ ပြောလိုက်တာ၊ အဲဒီတော့ မျှော်လင့် ထားတယ်၊ မျှော်လင့်ထားတော့ ဘယ်လို ဖြစ်ကုန် သလဲဆိုတော့ နောက်ပိုင်းကျတော့ ၇၀ နဲ့ ၇၁၊ ၇၂၊ ၇၃၊ ၇၄ ကျတော့ နယ်ချဲ့ဆန့်ကျင်ရေး အရှိန်ကလည်း လျှော့လျှော့လာတော့ အဲဒါတွေ သိပ်မရေးကြတော့ဘူး၊ ပုဂ္ဂလိကဆန်မှုတွေများလာတယ်၊ စကားပြေပုံသဏ္ဍာန် ကြီးကို ကဗျာလို စီလာကြတယ်။

မင်းဆွေနှစ်။ ။ ဒါဆို ဆရာ ကျွန်တော်တို့ရေးတဲ့ ကဗျာတွေမှာ ဘာတွေ မှားနေသလဲ။

ဒဂုန်တာရာ။ ။ မှားတာ မပြောဘူး၊ ကျွန်တော် ပြောလို့မရဘူး၊ သမိုင်း က ပြောလိမ့်မယ်၊ ကျွန်တော် ကိုအောင်ချိမ့်အမှာမှာ ပြောခဲ့တယ်၊ ဖတ်ကြည့်ပါ။ ပြီးတော့ ကိုမင်းဆွေနှစ် ရမ်သမ်ကို နားလည်သလား။

မင်းဆွေနှစ်။ ။ ကျွန်တော်တို့ ရမ်သမ်ဆိုတာ အသံလို့ပဲ နားလည်တယ်။

ဒဂုန်တာရာ။ ။ ဟုတ်ပြီ၊ ဒါဆိုရင် ရမ်သမ်ကို ကာရန်အဖြစ်ယူသလား၊

mgyoe.com

mgyoe.com


မယူဘူးလား။

မင်းဆွေနှစ်။ ။ ယူပါတယ် ဆရာ။

ဒဂုန်တာရာ။ ။ ယူရင် ဘယ်လိုယူလဲ။

မင်းဆွေနှစ်။ ။ ဘယ်လိုယူသလဲ ဆိုတာတော့ စံမရှိဘူးဆရာ။

ဒဂုန်တာရာ။ ။ ရပြီအဖြေ၊ ခင်ဗျားစဉ်းစား ဖြေကတည်းက ကျွန်တော် သိလိုက်ပြီ။

မင်းဆွေနှစ်။ ။ ဟုတ်ကဲ့ဆရာ၊ ရှင်းပြပါဦး။

ဒဂုန်တာရာ။ ။ ကျွန်တော် ပြောချင်တာတချို့က ကာရန်ဟာ အဟောင်း၊ ရမ်သမ်ဟာ အသစ်၊ ရမ်သမ်ဟာ အင်္ဂလိပ်စာလုံး၊ အဲဒါကို လူတစ်ယောက် မေးဖူးတယ်၊ ရမ်သမ်နဲ့ ရေးတယ်ဆိုလို့ ဒါဆိုရမ်သမ်နဲ့ ရေးတယ်ဆိုတော့ ရမ်သမ်ဟာ အင်္ဂလိပ်စာလုံး၊ မြန်မာလိုပြောပါလို့ မေးတယ်၊ ဒီတော့ နရီနဲ့ ရေးတယ်တဲ့၊ အဲဒီတော့ ကျွန်တော်က သိလိုက်တယ်၊ နရီနဲ့ရမ်သမ်ကို ရှင်းပြ ရတယ်၊ **နရီဟာ အချိန်၊ ရမ်သမ်ဟာ အသံ** မတူဘူး၊ နရီကို ဂီတသမားတွေ အများဆုံးသုံးတယ်၊ နရီစည်းတို့ ဘာတို့ပေါ့၊ ဘာလို့သူက ရမ်သမ်နဲ့ရေးတယ်လို့ ပြော သလဲဆိုတော့ ကိုသာနိုးတို့ မြဇင်တို့က ရေးတယ်၊ ရမ်သမ် ရမ်သမ်ဆိုတဲ့အကြောင်း အဲဒီအသံနဲ့ သူက ပြောတယ်၊ ဘာလို့လဲဆိုတော့ ဘာနဲ့ရေးသလဲဆိုတော့ စနစ်မရှိတော့ မပြောနိုင်ဘူး၊ မပြနိုင်ဘူး၊ အဲလိုမပြ နိုင်တော့ ပြစရာတွေ ကောက်ခွဲပြလိုက်တာပဲ၊ ကာရန်နဲ့ မရေးဘူး၊ ရမ်သမ်နဲ့ ရေးတယ်၊ ဒါဆို ရမ်သမ်က ဘာလဲ၊ ထပ်စစ်လိုက်တော့ နရီဖြစ်သွားတယ်၊ တကယ် လို့သာ ကိုသာနိုးနဲ့ မြဇင်သာမရှိရင် ပြောစရာ မရှိဘူး။

မင်းဆွေနှစ်။ ။ ဟုတ်ကဲ့ဆရာ၊ ဒါဆိုအဲဒီအကြောင်းကို ဆရာရှင်းပြ ပေးပါ။

mgyoe.com

mgyoe.com


ဒဂုန်တာရာ။ ။ မလုပ်နဲ့ဗျာ၊ စောသေးတယ်၊ သူတို့ပြောတာကို ကျွန်တော်က တန်ဖိုးထားတယ်၊ ကျွန်တော်ပြောတာက တန်ဖိုးမရှိဘူးဗျ၊ ရေးတဲ့သူကိုယ်တိုင် ပြောတာက ပိုကောင်းတယ်၊ ခု ခင်ဗျားပြောတယ်၊ ရိုးရိုးသားသားပဲ၊ သိရင်သိတယ်၊ မသိရင် မသိဘူး၊ ဒါ ကိုမင်းဆွေနှစ် ရင်ထဲကလာတာ၊ အဲဒါ သဘာဝကျတယ်၊ စကားပြေဆိုတာ အဆီးအတားမရှိဘူး၊ ကျွန်တော်တို့ နေ့စဉ် ပြောနေတာကို ရေးတာ၊ ကဗျာကျတော့ မတူတော့ဘူး။

မင်းဆွေနှစ်။ ။ ဟုတ်ကဲ့ဆရာ၊ ခုလို အများကြီး ပြောပေးတဲ့အတွက် သိလိုက်ရတာ ကျွန်တော်တို့မှာ အများကြီးရပါတယ်၊ ခုလို မျိုးဆက်နှစ်ခုရဲ့ အပြန်အလှန်သိခွင့်ရတာကို ဆရာလည်း ကျေနပ်မှာပါ၊ ကျွန်တော်ပြောတဲ့စကားမှာ အမှားပါရင်တော့ ပြုပြင်ပေးပါဆရာ၊ နောက်ဆုံးတစ်ခု အနေနဲ့ ဆရာ့ကို ကျွန်တော် တောင်းဆိုချင်တာက ဆရာ့ရဲ့ကဗျာတစ်ပုဒ်လောက် ရွတ်ဆိုပြပါဆရာ။

ဒဂုန်တာရာ။ ။ ကျွန်တော်က ကဗျာရွတ်တာ အယုံအကြည်မရှိဘူး။

မင်းဆွေနှစ်။ ။ ဒါဆို ဆရာ ဆရာ့အသံနဲ့ ကဗျာတစ်ပုဒ်လောက် ဖတ်ပြပါ။

ဒဂုန်တာရာ။ ။ အဲဒါတော့ရတယ်၊ ကျွန်တော်ဖတ်ပြမယ်၊ ကျွန်တော့်ရဲ့ မတ်လတော်လှန်ရေးဆိုတဲ့ ကဗျာထဲက ပထမပိုဒ်ပဲ ဖတ်ပြမယ်။

**မိုးကုပ်ကုပ်ဝယ်၊ အို ရတ်တရက်**
**မျဉ်းဖြူစက်၍၊ ကွဲအက်ကြောင်းရာ**
**ဟဟလာသည်**
**မိုးပြာကိုဖြတ်၊ ပတ္တမြားရည်**
**စီးလည်အဟုန်၊ နီမြန်းကုန်သည်**
**အရုဏ်ပေါ်စ ဝိုးတဝါး။**

mgyoe.com

mgyoe.com


အဲဒါပါပဲ ဆရာရေ လောကအမွန်သို့ ခရီးတစ်ခေါက်ကို ခုလို ပြန်လည်ပြောခွင့်ရတာကို ဆရာဒဂုန်တာရာကိုလည်း တကယ့်ကို ရင်ထဲက တသသ ကျေးဇူးတင်ရတယ်။ ကျွန်တော်နဲ့အတူ ကဗျာရေးတဲ့ လူငယ်တွေအတွက်လည်း မြူတစ်မှုန် ရေတစ်ပေါက်မျှ အကျိုးကျေးဇူး ရှိမယ်ဆိုရင်လည်း ဝမ်းသာရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ ဒီအချိန် ဒီစကားဝိုင်းလေးဟာ မော်ဒန်ကဗျာ ခရီးတစ်ခုအတွက်တော့ဖြင့် မြားဦးတည်နေတဲ့ သမိုင်းကားချပ်လေးတစ်ခု ဖြစ်လိမ့်မယ်ဆိုတာတော့ ကျွန်တော်ယုံတယ်။

*ချစ်ကြည်လေးစားစွာဖြင့်*

မင်းဆွေနှစ် (မုံရွာ)
စာပေဂျာနယ် (၁၀/၁၉၉၆)

❖

mgyoe.com

mgyoe.com

# အသစ်ဝေါခြင်းနဲ့ ပြန်လည်ဆန်းသစ်ခြင်း

ဆရာ (ဒဂုန်တာရာ) ခင်ဗျား…

ရှိသေလေးစားစွာ စာရေးလိုက်ပါတယ်။

ဒီစာဟာ ဆရာနဲ့ ကျွန်တော့်အတွက် ဒုတိယအကြိမ် တွေ့ဆုံခြင်းပါ။

တစ်နည်းအားဖြင့် ဒုတိယအကြိမ် ရင်ခုန်ရခြင်းပါ။

မန္တလေးဂျာနယ် (၉၇/မေလ)ထဲမှ ဆရာရဲ့ ကဗျာလုလင်များသို့ အိတ်ဖွင့်ပေးစာကို ဖတ်ရပါတယ်။

အဲဒီမှာ (၁) ကာရန်ကို နားလည်ပုံ

(၂) ရမ်သမ်ကို နားလည်ခြင်း

(၃) လွတ်လပ်မှုကို ရှာဖွေခြင်းနှင့်

(၄) အသစ်တွေ့ခြင်း၊ မတွေ့ခြင်း ဆိုတဲ့ အဓိက အကြောင်းအရာ လေးချက်ကို တွေ့ရပါတယ်။

ဆရာဟာ တစ်လျှောက်လုံး လူငယ်တွေကို တလေးတစား ဆက်ဆံတယ်။ မျိုးဆက်သစ်တွေရဲ့ ပြောင်းလဲခြင်း (တိုးတက်တာ၊ ဆုတ်ယုတ်တာ) တွေကို လေ့လာတယ်။ ဖတ်ရှုတယ်၊ အမြဲတမ်း ဆွေးနွေးခြင်းနဲ့ အပြန်အလှန် နားလည်မှုကို ကြိုဆိုတယ်ဆိုတာ ဘယ်လိုမှ မငြင်းနိုင်တဲ့ ဆရာ့ရဲ့ ငြိမ်းချမ်းရေး အလှတရားတွေပါပဲ။

ဆရာခင်ဗျား

ဆရာ့ရဲ့ အိတ်ဖွင့်ပေးစာကို ဒီလို စတင် ဖတ်ရပါတယ်။

mgyoe.com

mgyoe.com


ရင်းရင်းနှီးနှီး ပြောစရာရှိတာကိုပဲ ပြောရတော့တာပေါ့ဗျာ၊ အခုလည်း ကျွန်တော် အသိသစ်လေးတွေ တိုးလာလို့ ပြောရတယ်။

ဆရာဟာ လူငယ်တွေရဲ့ကဗျာကို အမြဲနားစွင့်တယ်၊ ပြောစရာဆိုစရာ ဆွေးနွေးစရာ ရှိလာပြီဆိုရင်လည်း ခုလိုပဲ ဆရာကတစ်ဆင့် လူငယ် ကဗျာဆရာတွေကို ပြောခဲ့တာချည်းပါပဲ။ ဒီအတွက် ကျွန်တော်တို့မှာ ဆည်းပူးရ၊ လေ့လာရ၊ အသစ်တွေ့ရှိရခြင်းတွေနဲ့ ကျေးဇူးကြီးမားတဲ့ ဆရာ့စေတနာကို လေးစားရပါတယ်။

နောက်ပြီး ဆရာ့စာမှာ အသစ်တွေ့လို့တဲ့…

ရင်ခုန်သံနဲ့ ကျွန်တော် ဆက်ဖတ်ရပါတယ်။

ကာရန်ကို (၄-၃-၂)စနစ်လို့ နားလည်နေတာဗျာ၊ အဲဒါ ကျွန်တော် အတော်အံ့ဩသွားတယ်၊ သူတို့ ကာရန်ဆိုတဲ့သဘောကို ကျွန်တော်တို့ နားလည်ထားတာနဲ့ အတော်ကွာသွားပြီဗျ၊ ကျွန်တော်တို့ကတော့ သက်စေ့နက် သုံးချက်ညီလို့ ခေါ်ကြတာပေါ့ဗျာ၊ အသတ်လည်းညီ၊ အသံလည်း ညီတာပေါ့ဗျာ၊ (၄-၃-၂) ညှိထားတဲ့စနစ်ကို ခေါ်တာပေ့ါဗျာ၊ ကာရန်စနစ်ဆိုတာ အဲဒါကိုခေါ်တာ မဟုတ်ဘူး၊ လေးလုံးရယ်၊ သုံးလုံးရယ်ပဲပြောတာ မဟုတ်ဘူး၊ ကဗျာဖွဲ့နွဲ့တဲ့အခါ တစ်ကြောင်းနဲ့တစ်ကြောင်း ဆိုပါတော့၊ သီကုံးတဲ့နေရာမှာ ကာရန်လေးနဲ့ သီကုံးရမယ်၊ အဲသည်လို ကျွန်တော်တို့က နားလည်ထားတာကိုး။

ဒီနေရာမှာ ကျွန်တော်တို့ (လူငယ်အများစု)ကလည်း ဆရာနဲ့နားလည်ပုံချင်း အတူတူပဲလို့ ထင်ပါတယ်၊ တချို့တလေ အခေါ်အဝေါ် ကွဲလွဲမှုနဲ့ နားလည်မှု လွဲကောင်းလွဲနိုင်တဲ့ အနေအထားတော့ ရှိနိုင်ပါတယ်၊ ဒါကလည်း အနည်းငယ်လောက်ပဲလို့ ကျွန်တော်ထင်တယ်။

အဲဒီနောက် ဆရာ့ဆောင်းပါးမှာ ကာရန်ဆိုတာ အသံပဲပေါ့၊ အသံညီတာကိုပဲ ပြောတာလို့ ဖတ်ရပါတယ်။

ကာရန်ဟာ အသံလား၊

အသံဟာ ရစ်သမ်လား၊

mgyoe.com

mgyoe.com


ရစ်သံဟာ ဘာလဲဆိုတာတွေဟာ ကျွန်တော်တို့ ခုချိန်ထိ ဆွေးနွေး အဖြေရှာနေကြတဲ့ ကဗျာမှုကိစ္စတွေပါပဲ။

နောက်ပြီး ဆရာ့ဆောင်းပါးမှာ´မြန်မာအမျိုးသားရိုးရာ ကဗျာအစဉ် အလာ သဘောမှာတော့ ကဗျာတိုင်းမှာ ကာရန်နဲ့ သီကုံးရတာပေါ့။

လေးချိုးမှာ ထူးသွားတာက အသံအတိုအရှည်ကို ဖွဲ့တဲ့ စနစ်မှာ ထည့်ထားတဲ့ အတိုအရှည် အတက်အကျ ပါတာပေါ့ဗျာ၊ အနောက်နိုင်ငံ စကားလုံးနဲ့ခေါ်တဲ့ ရစ်သမ်ခေါ်တဲ့သဘောက ဒါကို ပြောတာ၊ အနိမ့်အမြင့် သဘောပေါ့၊ အင်္ဂလိပ်လို ရစ်သမ်လို့ခေါ်တဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကလည်း အတက်အကျ၊ အနိမ့်အမြင့်ကိုပြော တာ၊ လှိုင်းလို့ ကျွန်တော် ပြောခဲ့တာပဲ၊ လှိုင်းဆိုတာ မျဉ်းဖြောင့်ကြီးမှ မဟုတ်ဘဲ၊ အတက်အကျ ရှိတယ်လေ၊ အနိမ့်အမြင့်ရှိတယ်၊ စီးဆင်း ခြင်းပေါ့ဗျာ၊ သည်သဘောပေါ့၊ စီးဆင်းတယ်ဆိုတာက တစ်ဖြောင့် တည်း ဘယ်မှာ စီးဆင်းမှာလဲ၊ နိမ့်တဲ့နေရာကို စီးမယ်၊ မြင့်တဲ့နေရာ က နိမ့်တဲ့နေရာကို စီးဆင်းမယ်၊ အဲဒါကို ရစ်သမ်ခေါ်တာပေါ့။

တစ်လျှောက်လုံး ကျွန်တော်တို့ ငြင်းကြခုံကြ ဆွေးနွေးကြ၊ ခုထိ လည်း မပြီးပြတ်သေးတဲ့ ရစ်သမ်ကိစ္စကို ခုလို ဆရာ့ဆီက အဖြေတစ်ခုရ လိုက်တာဟာ ကျွန်တော်တို့အတွက် အထူးသဖြင့် မြန်မာကဗျာ အဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲမှုမှာ တန်ဖိုးမဖြတ်နိုင်တဲ့ စကားလုံးတွေပါပဲ။

ဒါကို အစောကြီးကတည်းက ကျွန်တော်တို့ မျှော်လင့်နေခဲ့ကြတာပါ။

အဖြေတစ်ခုရဲ့ အမှားအမှန် အသီးအပွင့်ရလဒ်ကိုတော့ ဆက်လက် ဆွေးနွေး အဖြေရှာကြပါလိမ့်မယ်၊ ဒီအတွက်တော့ ကျွန်တော်တို့မှာ ဆရာ့ကို ကျေးဇူးတင်ရပါတယ်။

ဆရာ

ဆရာ့ရဲ့ဆောင်းပါး နောက်ဆုံးအပိုင်းမှာတော့ ဒီလိုပြောထားတာ တွေ့ရပါတယ်။

နောက်ကျတော့ အတွေ့အကြုံသစ်တွေ၊ သမိုင်းဖြတ်သန်းမှု တွေ ရှိလာတာ အသစ်ရေးချင်လာတယ်။ အဲဒီတော့ သက်စေ့နှက် သုံးချက်ညီစနစ်က ခွဲထုတ်ရတာပေါ့ဗျာ၊ လွတ်လပ်မှု ရှာတာပေါ့ဗျာ။

mgyoe.com

mgyoe.com


လွတ်လပ်တယ် ဆိုတာက အဆုံးအစမရှိ၊ အတိုင်းအဆမရှိ လွတ်လပ်တယ်ဆိုတာဟာ မရှိဘူး၊ ဒါ ဒဿနဗေဒသဘောနဲ့ ပြောတာကိုးဗျ၊ ဘယ် အရာဖြစ်ဖြစ် သူ့စည်းကမ်းနဲ့သူ၊ သူ့ဘောင်နဲ့သူ ရှိတာချည်းပဲ။

ဆရာ ဒီနေရာမှာလည်း လူငယ်တွေရဲ့ ခေတ်ပေါ်ကဗျာတွေက ခေတ်ကြီးနဲ့အတူ ပြောင်းလဲဖြတ်သန်း နေကြရပါတယ်။

ကာရန်တွေကို စွန့်ခဲ့ကြတယ်၊ စကားလုံး အရေအတွက်တွေကို စွန့်ခဲ့ကြတယ်။ (လေးလုံးရှိရမယ်၊ ငါးလုံးရှိရမယ်၊ ခြောက်လုံးရှိရမယ်ဆိုတဲ့ စည်းကမ်းတွေပေါ့ဆရာ)

ဒီနေ့ ကဗျာတွေဟာ စည်းတွေ၊ ဘောင်တွေ၊ အထိန်းအကွပ်တွေကို မနှစ်သက်တာကတော့ အမှန်ပါပဲ၊ ဒါဆိုရင် စည်းမဲ့ကမ်းမဲ့ အထိန်းအကွပ်မဲ့ လွတ်လပ်ခြင်းလားဆိုတော့လည်း အဲဒီလိုလည်း မဟုတ်ပြန်ဘူး။ ပြောရရင် အံဝင်ခွင်ကျ မဖြစ်တော့တဲ့ မတော်တော့တဲ့ အင်္ကျီအဟောင်းအစား အသစ်တစ်ထည်ချုပ်ဝတ်တဲ့ သဘောပါပဲ။

နောက်ဆုံး ဆရာ့ဆောင်းပါးရဲ့ အရေးကြီးဆုံး အပိုင်းကတော့ ဆရာ ဒီလို ပြောခဲ့ပါတယ်။

ကျွန်တော် စောင့်ကြည့်နေတယ်၊ ဘယ်လိုအသစ်များ ပေါ်ထွက်လာ မလဲလို့။

အသစ်ကို မတွေ့ရဘူး၊ အဟောင်းပဲ ပြန်ရောက်နေတာကို တွေ့ရတယ်၊ အဟောင်းဆိုတာ ရှိပြီးသားကိုပြောရတာ၊ မိမိအရင်ခေတ်က ဆန်းသစ် တီထွင်ပြီးသားကိုပဲ အခုပြန်ပြီးတော့ လိုက်ရေးတာမျိုးကိုဆိုလိုတာပါ။ မဆန်းသစ်သော ဆန်းသစ်မှုလို့ ခေါ်ရမလား မသိဘူးပေါ့ဗျာ၊ ဒီကရီယေးရှင်း (Decreation) နောက်ပြန်ဆုတ်သွားတဲ့ သဘောလို့ ပြောရမှာပေါ့။

ဆရာ

အသစ်ကို မတွေ့ရဘူး။

အဟောင်းပဲ ပြန်ရောက်နေတာ တွေ့ရတယ်တဲ့။

mgyoe.com

mgyoe.com


ဆရာ အသစ်ဆိုတာ ဘာလဲ၊ ဘာကို အသစ်လို့ ခေါ်မလဲ၊ ဆရာ ငေတ်မွတ်တဲ့အသစ်က ဘယ်လို အသစ်လဲ။

(၁) အကြောင်းအရာအသစ်ကို ဆိုလိုချင်တာလား။

(၂) ပုံသဏ္ဍာန်အသစ်ကို ဆိုလိုချင်တာလား။

ဒီနေ့ လူငယ်တွေရေးနေကြတဲ့ ကဗျာတွေမှာ ဆရာ့အနေနဲ့ ဘယ်လို အသစ်ကို ရှာဖွေသလဲ။

ဆရာ

နောက်ဆုံးအနေနဲ့ သစ်တယ်ဆိုတာ ဆရာ့အနေနဲ့ ဘယ်လိုဟာကိုများ ယူဆထားပါသလဲဆိုတာ ကျွန်တော်တို့ ပြည့်ပြည့်စုံစုံ သိချင်ပါတယ်။

နောက်ပြီး ဒီကရီယေးရှင်း (Decreation) နောက်ပြန်ဆုတ်သွားတဲ့ သဘောလို့ ပြောတဲ့ ဆရာ့ရဲ့အသုံးအနှုန်းမှာ ဘယ်ဟာမျိုးတွေကိုများ ဆိုလို ချင်ပါသလဲ။

အဟောင်းကိုပဲ ပြန်ရောက်နေတာကို တွေ့ရတယ်။

ကျွန်တော်တို့ ရေးဖွဲ့ကြရတဲ့ ကဗျာတွေဟာ နတ်သျှင်နောင်၊ နဝဒေး ခေတ်ဆီ ရောက်နေပြီလားဆရာ၊ ခေတ်စမ်းဆီကို ရောက်နေပြီလား၊ မိုးဝေ၊ ရှုမဝဆီကို ပြန်သွားနေကြပါသလား။

ဘယ်လို အဟောင်းဆီကိုများ ရောက်နေပြီလဲလို့ ဆရာ ယူဆပါ သလဲ။

ဆရာ

ဆရာက အသစ်ကို ငတ်မွတ်တောင့်တသလို ကျွန်တော်တို့မှာလည်း အသစ်ကို ငတ်မွတ်တောင့်တရသူတွေပါ။

ကျွန်တော်တို့ကို ပြောပြပါဆရာ။

*ထာဝရ ချစ်ကြည်လေးစားလျက် -*

**မင်းဆွေနှစ် (မုံရွာ)**

**ရုပ်ရှင်တေးကဗျာ (၈/၁၉၉၇)**

❖

mgyoe.com

mgyoe.com

# ကဗျာဆရာ နှင်းသီတာနှင့် ပြင်းရိုင်း…တစ်ကောင်

**ကျေးဇူးစကား**

အတွဲ (၁၄) အမှတ် (၉)

၁၉၉၈ စက်တင်ဘာလထုတ်၊ ရုပ်ရှင်တေးကဗျာမှ ကဗျာဆရာ အောင်ဝေးနှင့် တွေ့ဆုံခန်းဆောင်းပါး (ကဗျာဆရာအောင်ဝေးရဲ့ ရင်ဖွင့်စကား) ကို ဖတ်ရပါတယ်။

ဒီအခန်းကဏ္ဍဟာ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းရဲ့ ကဏ္ဍသစ်၊ အစီအစဉ် သစ်ဖြစ်ပြီး ဆရာသစ်နှင့် မဂ္ဂဇင်းထုတ်ဝေသူ ဦးချစ်မောင် (အဝကျွန်း)တို့ရဲ့ စေတနာ၊ ကြိုးစားမှုတို့ကို စာဖတ်သူတစ်ယောက်အနေဖြင့် ကျေးဇူးတင် ကြိုဆိုရပါကြောင်း တလေးတစား ဦးစွာ စကားဆိုပါရစေ။

**မုန်တိုင်းနှင့် မြင်းရိုင်း**

ကဗျာဆရာဆိုတာ စကားတစ်လုံးချင်းပေါ်မှာ ရင်လုံးကျွတ်သွား အောင် ခံစားတတ်သူတွေ၊ သဘောတရားတစ်ခု၊ အယူအဆတစ်ခုပေါ်မှာ ခြေခြေမြစ်မြစ် စွဲနှစ်ယုံကြည်သူတွေ၊ ပြီးတော့ တစ်ခုချင်း တစ်ပိုဒ်ချင်းပေါ်မှာ နှုတ်တက်ရွရွ ရွတ်ဆို ရှင်းပြနိုင်သူတွေ ဖြစ်တယ်။

mgyoe.com

mgyoe.com


သူတို့ဟာ ကဗျာ၊ လင်္ကာတွေပေါ်မှာ ညင်းညင်းသွဲ့သွဲ့၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှိသလောက် သူတို့ရဲ့ ကဗျာအယူအဆ၊ ကဗျာပုံသဏ္ဌာန်တွေနဲ့ ပတ်သက်လာရင် မုန်တိုင်းလို ထန်သူတွေဖြစ်တယ်၊ လူထုကိစ္စခံစားမှု အနုပညာဆိုင်ရာ ကိစ္စတွေကို အထိပါးမခံသူတွေ အမှန်တရားအတွက် တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးတွေကို အထိပါးမခံသူတွေ၊ အမှန်တရားအတွက် တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးတွေကို စွန့်လွှတ်ရဲတဲ့ ခေါင်းမာသူတွေလည်း ဖြစ်နေပြန်တယ်။

ဆရာသစ်ရေ

ကဗျာဆရာတစ်ယောက် အယူအဆ၊ မာနနဲ့ အမှန်တရားအတွက် ဘယ်လောက် ခေါင်းမာသလဲဆိုတာ၊ ကဲ...ကြည့်ကြရအောင်

ကဗျာဆရာ အောင်ဝေး

အမည်ရင်း သန်းဝင်း

အဖေက တပ်ကြပ်ကြီးအေးမောင် (ငြိမ်း)၊ အမေက ဒေါ်ကြည် (၂၃- ၃-၁၉၅၄)၊ သောကြာနေ့၊ ညောင်လေးပင်မြို့၊ စစ်တန်းလျား တစ်နေရာမှာ မွေး။ ၁၉၈၂ ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာအဓိကနဲ့ မဟာဝိဇ္ဇာ နောက်ဆုံးအတန်းထိ တက်ခဲ့ဖူး။

ကိုးခန်းပျို့နဲ့အရင်းကျမ်းကို တစ်ပြိုင်နက်တည်းဖတ်ခဲ့၊ ဆရာအောင်ပြည့်ရဲ့ "ပြိုမှာလေလား မိုးရဲ့" နဲ့ ဆရာ သိန်းသန်းထွန်းရဲ့ "အချစ်ဦးလေးရဲ့ အချစ်ရှူး"တို့ကို စွဲလမ်းခဲ့။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာဒဂုန်တာရာ၊ ဇန်းမော် တင်အောင်၊ ဆရာမြသန်းတင့်၊ သခင်မြသန်း၊ လူထုဒေါ်အမာ၊ ပြီးတော့ ဆရာနတ်နွယ်၊ စတဲ့စာအုပ်တွေဖတ်ခဲ့၊ အဲဒီ စာအုပ်တွေထဲမှာ သူ့ရဲကောင်းရှာခဲ့။

ကဗျာဘက်ကိုရောက်တော့ နီရူဒါကို အားကျခဲ့၊ စွဲလမ်းခဲ့။ ဒီလိုနဲ့ ၁၉၈၄ ဒီဇင်ဘာလလောက်က ကဗျာဆရာကြီး ဒေါင်းနွယ်ဆွေကို လှပသော ပဋိပက္ခဆောင်းပါးနဲ့ ထိုးနှက်ခဲ့တယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့ ကဗျာဆရာ

mgyoe.com

mgyoe.com


အောင်ဝေးကို အားပေးခဲ့တယ်။ ကျေးဇူးတင်ခဲ့တယ်။

နောက် ၁၉၈၆ ဇွန်လ ချယ်ရီမဂ္ဂဇင်းမှာ "ဝေဖန်ရေးဆရာနှင့်စီးချင်းထိုးခြင်း" ကဗျာနဲ့ ဆရာအောင်သင်းကို တိုက်ခဲ့ပြန်တယ်၊ ဒီတုန်းကလည်း ကိုအောင်ဝေးကို ကဗျာချစ်သူ တစ်ယောက်အဖြစ် ဩဘာပေးခဲ့၊ ချီးကျူးခဲ့၊ သဘောတူခဲ့တယ်။

ဒီနောက်ပိုင်းမှာ ကိုအောင်ဝေးတစ်ယောက် ကဗျာဆိုင်ရာဆောင်းပါးတွေ ဆက်တိုက်ရေးလာခဲ့၊ မှတ်မှတ်ရရ အရိန္ဒမာမဂ္ဂဇင်းမှာ ကမ်းသစ်ဆိုပြီး ဆရာဒဂုန်တာရာနှင့် တွေ့ဆုံခြင်းတွေ ဖတ်ရပြန်တယ်။

နောက်ဆုံး

ကျွန်တော်တို့ ကိုအောင်ဝေးကို သဘောတူတာလည်းရှိ၊ မတူတာလည်း ရှိခဲ့တယ်။

ကိုအောင်ဝေးအနေနဲ့ကတော့ ကဗျာနဲ့ပတ်သက်လာရင် တစ်လျှောက်လုံး ခုခံကာကွယ်ခဲ့တာကိုတော့ ကျေးဇူးတင်ရပါတယ်။ သူ့ရုပ်ပုံလွှာကို အတိုဆုံးပြောရရင် မုန်တိုင်းထဲမှာ ဒုန်းစိုင်းနေတဲ့ မြင်းရိုးတစ်ကောင်ပါပဲ။

## ကဗျာဆရာနှင့် စာမူခ

ကဗျာဆရာတွေဟာ ကိုယ့်အနုပညာကို မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ ဖော်ပြခံခဲ့ရပြီး အနုပညာစာမူခကို တန်ဖိုးထားကြတာချင်း မတူတာကိုလည်း တွေ့ရပါတယ်။

ဒီနေရာမှာ ကိုအောင်ဝေးအနေနဲ့ "ကဗျာတစ်ပုဒ်၊ စာမူခ ၂၀၀ကျပ်၊ ၃၀၀ ကျပ်အနိုင်နိုင်၊ မြန်မာစာပေလောကကြီးကို စိတ်နာတယ်"တဲ့။

ခုလို ကိုအောင်ဝေး နည်းတူ စာမူခကိစ္စတွေကို နေရာတကာမှာ ကြားနေရပါတယ်။ တချို့က စာမူခနည်းနည်း၊ တချို့က စာမူခများများ၊ တချို့က တလေးတစား၊ တချို့က မလေးမစား။

ကဗျာဆရာတိုင်းဟာ ကဗျာတစ်ပုဒ်ကို စာမူခလိုချင်လို့ တပ်မက်လို့ ရေးတာမဟုတ်ပေမယ့် ကိုယ့်ကဗျာကို တလေးတစား တန်ဖိုးထားမှုကို ခံမင်ကြတာချည်းပါပဲ။

mgyoe.com

mgyoe.com


ဘာပဲဖြစ်ဖြစ်

အနုပညာရှင်ရယ်

အတတ်ပညာရှင်ရယ်

ငွေရှင် (ထုတ်ဝေသူ)ရယ် ဒီသုံးဦး ပေါင်းစပ်ထုတ်လုပ်ရတဲ့ မဂ္ဂဇင်း တစ်အုပ်ဟာ အချိုးညီညီ ပေါင်းစပ်ဖွဲ့စည်း ထုတ်လုပ်သင့်တာကတော့ အမှန်ပါပဲ။

ခုချိန် အနေအထားအရကတော့ အချိုးမညီ ပေါင်းစပ်ထုတ်လုပ်နေ တယ်လို့ (အားလုံး)မဟုတ်ပေမယ့် အများဆုံး ဖြစ်နေတာကတော့ အမှန်ပါပဲ။

အချိုးညီဆိုရာမှာ တန်းတူရည်တူ အခွင့်အရေးကို မဆိုလိုပါဘူး၊ ရသင့်ရထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားကို ဆိုလိုရင်းပါ။

ပြောရရင်

အတတ်ပညာရှင် (ကွန်ပျူတာ၊ ဖလင်၊ အော့ဖ်ဆက်)စတဲ့ အခန်း ကဏ္ဍတွေမှာ ပုံအောနေကြရ၊ ခယတိုးလျှိုးနေရတာကတော့ ဘယ်မဂ္ဂဇင်းမှ မငြင်းနိုင်တဲ့ကိစ္စပါ။

နောက်ဆုံး အနုပညာရှင်တွေဟာ မဂ္ဂဇင်းလုပ်ငန်းတစ်ခုလုံးရဲ့အထက် ဆုံးဆင့်ကပဲ ဖြစ်သင့်ပါတယ်၊ ဒါကိုတော့ မဂ္ဂဇင်းထုတ်ဝေသူတွေ၊ အယ်ဒီ တာတွေ စဉ်းစားသင့်ပါတယ်။

## ကဗျာနှင့် ဆရာ

ကိုအောင်ဝေးအနေနဲ့ ကဗျာဆရာတစ်ယောက် ဖြစ်လာဖို့ လမ်းညွှန်မှု ပေးခဲ့၊ နည်းနာခံယူခဲ့ရတဲ့ ဆရာတွေရှိရင် ပြောပါဦးဆိုတော့။

"ကဗျာဆရာဖြစ် သင်တန်းကတော့ မရှိဘူးပေါ့၊ ကဗျာဆရာဖြစ် အောင် လမ်းညွှန်ခဲ့သူ မရှိသလောက်ပါပဲ" တဲ့။

ယင်အန်း မိန့်ခွန်းကနေ ဒဂုန်တာရာရဲ့ "စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု"စာအုပ်၊ "ဗမာစာပေဘာလဲ၊ ဘယ်လဲ" စာအုပ်တွေက လမ်းညွှန်ခဲ့ပါတယ်လို့ ဆိုပြန်ပါတယ်။

နောက် ဆရာနတ်နွယ်၊ မောင်သွေးသစ်၊ မောင်သင်းခိုင်တို့လည်း

mgyoe.com

mgyoe.com


လမ်းညွှန်မှုပေးခဲ့ပါတယ်။

မောင်သာနိုး ဘာသာပြန်တဲ့ ဂျော့သွမ်ဆင်ရဲ့ Marxism and Poetry ကဗျာသဘောတရား စာအုပ် "ဇင်နိုးကြူးစွမ်း" အယူအဆစာအုပ်တွေ၊ ဘုတလင်ချစ်လေးရဲ့ "ကဗျာဟူသည်"၊ ဦးထွန်းရွှေရဲ့ "ကဗျာ့စွယ်စုံကျမ်း"တို့ ဖတ်ခဲ့ပါတယ်လို့ ဆိုတယ်။

ဒါတွေကတော့ သိပ်အထူးအဆန်း မဟုတ်သလို မိမိတစ်ကိုယ်ရေ တည်ဆောက်ရတဲ့ လွတ်လပ်ခွင့်အနေနဲ့ ဘာမှပြောစရာ မရှိပါဘူး။ အရေးကြီးတာက ကိုယ်ဖန်တီးတဲ့ အနုပညာကောင်းဖို့သာ အဓိကပဲ မဟုတ်လား။

## သဘောတရားနဲ့ အယူအဆ

ဒီနေရာမှာ ကိုအောင်ဝေးက-

ကျွန်တော့် ကဗျာနည်းကတော့ လူသိပ်မကြိုက်တဲ့ Modern Realism နည်းပါပဲ။ Modern, Post Modern သမားတွေ ပြောနေတဲ့နည်း မဟုတ်ပါဘူး၊ Realism ကိုပဲ သမိုင်းလှုပ်ရှားမှုနဲ့အညီ ပြန်လည်ပြင်ဆင်ဖြည့်စွက်ထားတဲ့နည်းပါပဲ။ တရားကိုယ်ကတော့ ကျွန်တော့်နည်းက Realism ပဲ ဆိုတာ ဝန်ခံပါတယ်။ ဒါပေမဲ့ Realism အဟောင်းမဟုတ်ဘူး၊ အသစ်။ ခေတ်ကုန်သွားပြီလို့ မော်ဒန်သမားတွေ သတ်မှတ်လိုက်ကြတဲ့ သရုပ်မှန်သက်သက်တော့ မဟုတ်။ ခေတ်သစ် သရုပ်မှန် Neo Realism လည်း မဟုတ်ပါ။ ကျွန်တော်ပြောချင်တာက ခေတ်ပေါ်သဘောဆောင်တဲ့၊ တက်ကြွတဲ့ Active ဖြစ်တဲ့ သရုပ်မှန်နည်းပါ။ အဲဒါကို Modern Realism လို့ပဲ ဆိုကြပါစို့တဲ့။

ကိုအောင်ဝေးရေ အနုပညာသမားတစ်ယောက်အနေနဲ့ တီထွင်စမ်းသစ်တာဟာ ကောင်းပါတယ်၊ ကြိုလည်း ကြိုဆိုရပါ့မယ်။

ဒါပေမဲ့ ခင်ဗျားပြောသလို သူများထက်ထူးပြီး ဘူးသီးရွှေချတာမျိုး၊ "ဆွတ်ဆွတ်မှောင်" လုပ်ပစ်တာမျိုးကျတော့ ဆင်ခြင်ရပါ့မယ်။

ဥပမာပြောရရင် "သိပ္ပံနည်းကျ အနုပညာ" ဆိုတဲ့ အသုံးအနှုန်းမျိုးလို။

သိပ္ပံပညာဟာ တိကျရမယ်၊ မှန်ကန်ရမယ်၊ စည်းနဲ့ဘောင်နဲ့ရှိတယ်၊
mgyoe.com

mgyoe.com


တရားသေဆန်တယ်၊ အနုပညာကတော့ အဲဒါတွေတစ်ခုမှ မဟုတ်တဲ့၊ လွတ်လပ်တဲ့၊ ကျယ်ပြောတဲ့သဘောကို ဆောင်တယ်၊ အဲဒီနှစ်ခု ပေါင်းစပ်ဖွဲ့စည်းသလို ကျွန်တော်တော့မြင်တယ်။

ဘာပဲဖြစ်ဖြစ် အနုပညာရှင်ဟာ ဖန်တီးနေဖို့ပဲ၊ ကိုယ်ဖန်တီးတဲ့ အနုပညာဘာလဲဆိုတာကတော့ ဝေဖန်ရေးဆရာတွေ၊ သီအိုရီပညာရှင်တွေ လုပ်ကြပါလိမ့်မယ်၊ ကိုအောင်ဝေးဆီက အနုပညာစစ်စစ် ကဗျာကောင်း၊ ကဗျာသန့်လေးတွေပဲ ကျွန်တော်တို့ မျှော်လင့်တပ်မက်ပါရစေ။

## ဓမ္မန္တရာယ်ကြီးနှစ်ပါး

နောက် ကိုအောင်ဝေးပြောတဲ့ စကားတစ်ခွန်းကတော့ "ဒီနေ့ကဗျာမှာ (စာပေမှာ) ဓမ္မန္တရာယ်ကြီးနှစ်ပါး ရှိနေတယ်ဆိုတာပါပဲ။ အနုပညာအရရော၊ အဘိဓမ္မာအရရော၊ အဲဒီ ဓမ္မန္တရာယ်ကြီးနှစ်ပါးကို ကျွန်တော်တို့ သတိထားရပါမယ်၊အဲဒါတွေကတော့ 'မောင်သာနိုး ဓမ္မန္တရာယ်' နဲ့ 'ဇော်ဇော်အောင် ဓမ္မန္တရာယ်' တို့ပါပဲ။ ဒီဆရာသမားကြီး နှစ်ယောက်စလုံးဟာ တစ်ယောက်တစ်မျိုးစီ အန္တရာယ်ရှိနေတာတော့ အမှန်ပါပဲ" လို့ ဆိုပါတယ်။

ကိုအောင်ဝေးအနေနဲ့ ဒီဆရာကြီးနှစ်ယောက်ရဲ့ ဓမ္မန္တရာယ်ဆိုရာမှာ ထောက်ပြဖို့တော့ လိုလိမ့်မယ်။ ဓမ္မန္တရာယ်ဆိုတာ အန္တရာယ်ထက် အများကြီးပိုကြီးတယ်၊ ပြောရရင် အန္တရာယ်ထက် အန္တရာယ်ကြီးတယ်ပေါ့။

ဒီတော့ ကိုအောင်ဝေးဆိုလိုချင်တဲ့ ဓမ္မန္တရာယ်ဟာ ဒီနေ့ စာပေလောကမှာ ဘယ်လောက်အထိ လွှမ်းမိုးနေပြီလဲ၊ ဘယ်လောက်ထိအောင် အနုပညာအရ အမှားအယွင်းတွေ ဖြစ်နေပြီလဲ၊ ဘယ်၍အထိ အဘိဓမ္မာအရ ဖောက်ပြန်နေပြီလဲ၊ ဒါကိုတော့ ကိုအောင်ဝေး လက်လွတ်စပယ် ပြောလို့ မရပေဘူး။

ဒါဟာ ကဗျာဆရာတွေ အားလုံးအတွက် အကျိုးလည်းရှိမှာပါ၊ ပြောရရင် ကဗျာစာပေသမိုင်းအတွက်ပါ အရေးကြီးပါတယ်။

မြေပွေးခါးပိုက် ပိုက်နေရမယ့် ကဗျာဆရာလေးတွေ အတွက်ကတော့ ပိုလို့ အရေးကြီးပါတယ်၊ ဒီအန္တရာယ်ကို ညွှန်ပါ၊ ပြပါ၊ အလင်းရောင်

mgyoe.com

mgyoe.com


ပေးပါ။

မကြာခင် ခရီးဆုံးရောက်ဖို့ကလည်း ရွှက်လွှင့်ပြန်ရပေဦးမယ်။ ကျွန်တော်တို့ နံဘေးမှာ မြင်းရိုင်းတစ်ကောင် ခွန်အားသစ်တွေနဲ့ မြူးကြွား ကြွား၊ လည်ဆံမွေးက တဖွားဖွား၊ သန်သန်မာမာ ခြေထောက်တွေကလည်း လှပစွာနဲ့။

ကိုအောင်ဝေးရေ ခင်ဗျားတစ်ယောက်တည်း မုန်တိုင်းကို ဒုန်းစိုင်း တော့မှာလား၊ ရှီမွှန်ပဲရက်ကတော့ ပြောတယ်။

မုဆိုးရာသီ ကုန်ခဲ့ပြီမို့။

(၂၁)ရာစုအဝင်မှာ လေးနဲ့မြားမလိုပါတဲ့၊ ကိုအောင်ဝေးရေ (၂၁)ရာစု လည်း ဝင်တော့မယ်၊ ကျွန်တော်တို့လည်း "နှင်းဆီခါး"ကို ကြိုက်ပါတယ်၊ ခံစားမှုရော၊ ခေတ်ပေါ်ပုံသဏ္ဌာန်ပါ နှစ်ခုစလုံး လှပသစ်လွင်နေတဲ့ ကဗျာ တွေ (တစ်နေ့) အတူတကွ ရေးဖွဲ့ကြပါစို့။

*ချစ်ခင်ရင်းနှီးစွာ -*

မင်းဆွေနှစ် (မုံရွာ)
(၂၁-၈-၉၈)
ရုပ်ရှင်တေးကဗျာ (၁၁/၁၉၉၈)

❖

mgyoe.com

mgyoe.com

## လူနှစ်ယောက်၊ ကားတစ်စီး၊ အသစ်ငတ်ခြင်း တလွင့်လွင့်စိတ်ကူး

လူ့အဖွဲ့အစည်းနဲ့
ပျင်းရိငြင်းဆန်ရင်း စိတ်ရှည်စွာ
အသက်ရှင်နေထိုင်တတ်အောင်

ဆုလာဘ်အဖြစ်ပေးတဲ့ ချစ်သောကဗျာသို့ ဆိုတဲ့ အညွှန်းနဲ့ ကဗျာဆရာညိုသစ်ရဲ့ "ရာဇဝင်မှာ နွေဦးကျန်ခဲ့တယ်" စာအုပ်လေးဟာ ၉၈ ခုနှစ်၊ နိဝင်ဘာလလယ်လောက်မှာ ဖတ်ခဲ့ရပါတယ်။

အဲဒီစာအုပ် ထွက်တဲ့အချိန်လောက်မှာပဲ မဂ္ဂဇင်းတစ်ခုမှာ သတင်းတစ်ပုဒ်အဖြစ် ဟောဒီလို တွေ့ရှိ ဖတ်ခဲ့ရပါတယ်။

(ကဗျာရေးသက် ကြာမြင့်ခဲ့ပြီဖြစ်သော ဆရာညိုသစ်၏ "ရာဇဝင်မှာ နွေဦးကျန်ခဲ့တယ်" စာအုပ်တစ်အုပ်ထွက်လာခဲ့သည်။ ညိုသစ်၏ ထူးဆန်းသောရေးဟန်ကြောင့် စာပေလောက၌ အသံဗလံများ ထွက်လာနိုင်သော စာအုပ်ဟု မှန်းဆလျှင် မမှားနိုင်သလို ဘာပြောရမှန်းမသိ၍ ဘာသံမှ ထွက်မလာနိုင်သော စာအုပ်ဟုလည်း မှန်းဆနိုင်ပါသည်။)

ဘာပဲဖြစ်ဖြစ် စာရေးသူ ကဗျာဆရာညိုသစ်ဟာ အနုပညာတစ်ခန်းတစ်ကဏ္ဍအဖြစ် မိုးဝေစာပေ မဂ္ဂဇင်းတစ်စောင်ကို အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သူ တစ်ယောက်ဖြစ်ပြီး၊ ဒီနေ့အထိ ခေတ်ပေါ်ကဗျာကို တစိုက်မတ်မတ် ရေးဖွဲ့နေသူတစ်ဦးလည်း ဖြစ်တယ်။

mgyoe.com

mgyoe.com


ဒီစာအုပ်လေးမှာ အပိုင်း (၃)ပိုင်း ပါဝင်ပြီး
(၁) ရာဇဝင်မှာ ပန်းတွေ ကျန်ခဲ့တယ်
(၂) ရာဇဝင်မှာ ကဗျာတွေ ကျန်ခဲ့တယ်
(၃) ရာဇဝင်မှာ နွေဦး ကျန်ခဲ့တယ် ဆိုပြီး စာရေးသူဟာ ရာဇဝင် တစ်ခုမှာတော့ အနုပညာတစ်ခုကို အသေအချာ ကျန်စေချင်ပုံရပါတယ်။

အမှန်တရား ပင်လယ်ဘက်ဆီ ထွက်ခွင့်ပြုပါ။

မကြာခင် (၂၁)ရာစု လာတော့မယ်၊ ကျွန်တော်တို့ အနုပညာရှင် (စာပေ၊ ဂီတ၊ သဘင်) စသဖြင့်ပေါ့လေ၊ အထူးသဖြင့် အနုပညာပိုင်အို နီးယား(PIONEER)တွေ ရှေ့ကို ဖောက်ထွက်ခဲ့ကြတဲ့ ရှေ့ပြေးအနုပညာ ထိပ်ဖူးတွေ၊ အဲဒီတွေထဲက "ရာဇဝင်မှာ နွေဦးကျန်ခဲ့တယ်" စာအုပ်ကလေး ဖန်တီးခဲ့တဲ့ ကဗျာဆရာညီသစ်ကို လေးစားရပါတယ်။

စာအုပ်ကို စဖတ်ကတည်းက ကျွန်တော့်နှလုံးသားကို ကျဉ်စက်နဲ့ တို့ခံလိုက်ရသလို ခံစားရတယ်။

ဖရိုဖရဲ ကတောက်ကဆမျှားလွန်းသော
လူ့ဘဝနှင့် ကမောက်ကမလည်းဖြစ်ချင်
ပုံပန်းတကျလည်း ဖြောင့်မတ်၊ ရိုးစင်းမှုအကြား
သင်တုန်းစားသွားပေါ်တွင် ချိန်သားမလွတ်အောင်
လွတ်ထွက်မည့် အခြေအနေကျပ်ခဲ ခြိမ်းလှန့်မှုကို ထိန်းသိမ်း
ကာကွယ်ကာ လူရွယ်တစ်ဦးအဖြစ် ရာဇဝင်ကို
ဖြတ်သန်းစဉ်

------------------------

ဘာအဓိပ္ပာယ်ကို ဆိုလိုချင်ပါသလဲ
လူရွယ်ဆိုတာကော ပန်းပွင့်တွေ
အနမ်းရိုင်းတွေ လှ့ကလပ်စည်းတွေ
ကျူဗစ်အက်ဇင်တွေ ဆာရီယယ်လစ်ဇင်တွေ
မော်အတတ်တွေနဲ့ စုစည်းသိပ်သည်း

mgyoe.com

mgyoe.com


ဖွဲ့ခဲ့ရသည့် လူရွယ်တစ်ဦးဘဝကို
ဖြတ်သန်းခဲ့ပါသလား။

---------------------------

တောင်တန်းများ
တောပန်းရိုင်းများ
လေနှင့် ပန်းရနံ့သစ်များ
စိုက်ပျိုးပြုစုပျိုးထောင်ရန်
ရှေ့မှာ အနှစ်ငါးဆယ်ခန့်ကြာမယ်
ဘယ်သူမှ မသိအောင် အမှားများကို
အမှန်နေရာသို့ ပို့သည်

---------------------------

မိမိကိုယ်တိုင် နာကျင်အောင် ဆွဲဆုတ်
ပြနေသည့် ဘဝကို ကြောက်ကြ

---------------------------

သူဘာလုပ်ချင် လုပ်ချင်
ချစ်သူစစ်စစ် တစ်ဦးလည်း လိုအပ်သည်
မုန်းသူရဲရဲလည်း အနီးမှာ ရှိစေချင်သည်

---------------------------

ညီညွှသစ်သည် ညီညွှသစ်မဟုတ်၊ အရင်တွေ့ခဲ့တဲ့ ညီညွှသစ်နဲ့ ခု ညီညွှသစ် ဘာမှမဆိုင်၊ ညီညွှသစ် ရူးသွားပြီလား၊ သူမရူး။

ဒါစာ မှန်သလား၊ မှားသလား

ဆုံးဖြတ်ဖို့ဆိုတာ အဝေးဆုံးရဲ့ ဟိုးတစ်နေရာမှာပါ၊ ကျွန်တော် ဆုံးဖြတ်လို့လည်း မရဘူး၊ ဒါပေမဲ့ ဒါဟာ ညီညွှသစ်ရဲ့အသစ်၊ အနုပညာဖန်တီးမှု၊ အသစ်ဝတ်ခြင်း ဖောက်ခွဲမှု

ခေတ်စမ်း
စာပေသစ်
မိုးဝေခေတ်နဲ့

mgyoe.com

mgyoe.com


ခေတ်ပေါ် (မော်ဒန်) အနုပညာအသစ်

တန်ဖိုးဖြတ်ခြင်း သီအိုရီဟာ အချိန်ကာလက သတ်မှတ်ပါလိမ့်မယ်။ ကျွန်တော် ညီသစ်ရဲ့စာအုပ်ကို တစ်ခါတည်း တစ်ထိုင်တည်းပြီးအောင် ဆက်မဖတ်ရဲ

ဟိုလှန် ဒီလှန် ဟိုဖတ် ဒီဖတ်

အဲဒီလိုနဲ့ စာအုပ်စင်ရဲ့တစ်နေရာမှာ ရာဇဝင်ကိုထားခဲ့

--------------------------

ဒီလိုနဲ့

ကျွန်တော်တို့ ကဗျာတွေ ညှံ့ခဲ့ကြ။

ချစ်သော ကဗျာဆရာ ကိုမင်းသစ်ရဲ့ ကျီစယ်စကား

ခေတ်ကိုထမ်းနေတဲ့ ကျွန်တော်တို့၊ ကျွန်တော်တို့ ကဗျာတွေ စွမ်းခဲ့ကြရဲ့လား။

အိပ်မောကျနေတဲ့ အနုပညာတွေ တစ်ရေးနိုးပါ၊ လေးလံထိုင်းမှိုင်းနေတဲ့ နှလုံးသားတွေ ဗို့အားမြှင့်ပါ။ ရိဝေတဲ့ ဦးနှောက်တွေ အင်ဂျင်အသစ်တပ်ပေးပါ။

''ဟိုး မိုးဝေကဗျာတွေ ဖတ်ရသလောက်

ခုကဗျာတွေက ရင်မခုန်ဘူး'' လို့ တစ်ယောက်ကပြောတော့ မခံချင်ခဲ့ဘူး၊ ရှိစေတော့

ကဗျာဆရာညီသစ်ရဲ့ အနုပညာမြားလမ်း

လားရာတူ ကဗျာဆရာစန်းဦးရဲ့ ''နာနာဘာဝ မော်တော်ကားမှာ အပိုင်း (၃)ပိုင်း ပါရှိပြီး၊

အပိုင်း (၁)သည် ဖွင့်ထားသော ကော်ပီတစ်ပုဒ်ဖြစ်ပြီး

အပိုင်း (၂)သည် ရေးလက်စ မပို့ဖြစ်သော စာတစ်စောင်

အပိုင်း (၃)သည် ဘာပါဟု မိမိပြောနိုင်စွမ်းမရှိဟူ၍ အညွှန်းနဲ့ ထွက်ရှိလာတဲ့ ကဗျာဆရာစန်းဦးရဲ့ ဖန်တီးမှုအနုပညာအသစ် စာအုပ်လေးနှစ်အုပ်

mgyoe.com

mgyoe.com


''ရာဇဝင်မှာ နွေဦးကျန်ခဲ့တယ်''

''နာနာဘာဝ မော်တော်ကား''

ညိုသစ်မှသည် စန်းဦး၊ အနုပညာ ပေါင်းကူးအသစ်

အဲဒီပြတင်းပေါက်ဘေးက စားပွဲမှာထိုင်ပြီး၊ စာရွက်တွေပေါ် ဒါတွေ ချရေးချင်စိတ် ပေါက်လာတယ်၊ ကျွန်တော့်အကြောင်းနဲ့ပါ၊ ဘယ်သူက စေခိုင်းလို့ရယ်လည်း မဟုတ်ဘူး၊ ကျွန်တော့်လက်တွေဟာ မသိမသာ တုန်နေကြတယ်၊ စိတ်ကိုပြန်ထိန်းပြီး၊ ငြိမ်သက်အောင် ကြိုးစားကြည့်ပါတယ်၊ မရပါဘူး။

စန်းဦးကို ဟိုးလွန်ခဲ့တဲ့ ၉၃ ခုနှစ်လောက်က (၄)ပုဒ်ကဗျာရှည်မှာ သတိထားခဲ့တယ်။

ပေါ်လီယာနာဟာ

တစ်သက်မှာ တစ်ခါတော့

ငိုခဲ့ဖူးမယ်

နှလုံးသားဆိုတာ

ပုန်းခိုဖို့နေရာ ရှာနေရဲ့

အချိန်ကာလရဲ့ သယ်ဆောင်ခြင်းမှာ ကျွန်တော်တို့ ဂီတမှတ်သိပ် (၁၉၈၅) ရောဂါသည်ရဲ့ မုန်တိုင်း (၁၉၈၆)

တကယ့်ကို နာနာကျင်ကျင်

မြေပြင်ထက်က

အခိုးအငွေ့တစ်ခု လွင့်ပျံ့သလို

မညိုတာကို ဆုံးရှုံးလိုက်ရ

ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီ

ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီ

သစ်ရွက်ရဲ့ အလှမျိုးနဲ့ မညိုတာ

ပြန်လာပါ

ပြန်လာပါကွယ်

(၁၉၈၇)ရဲ့ သစ်ရွက်ကလေးတစ်ရွက်၊ ခုတော့ နာနာဘာဝ မော်တော်ကားတစ်စင်းပေါ်မှာ တွေ့ရပြန်ပြီ။

mgyoe.com

mgyoe.com


ကျွန်တော် ခုည အိပ်မပျော်ဘူး။

တကယ်က သူဟာ ကျွန်တော့်အတွက်လည်း ဘာမှမတတ်နိုင်သလို သူ့အတွက်လည်း ဘာမှ မတတ်နိုင်ပါ။

---------------------------

ကျွန်တော် ဖွင့်ထားတဲ့ပြတင်းပေါက်ကို
ကျွန်တော် ထပိတ်လိုက်တော့မယ်

---------------------------

မိသော်အတွက် စာတစ်စောင်

သူအိပ်ရာက နိုးလာတော့ မော်တော်ကားသည် မောင်းသူမဲ့အရှိန် ပြင်းပြင်း ရွေ့လျားနေခြင်း ဖြစ်သည်။

---------------------------

အဲဒီလို စန်းဦးကို ဖတ်ရှုရတယ်၊ ဒါ အမှန်တရား ထွက်ပြေးတာ၊ ထွက်ပြေးမှု အနုပညာ (ESCAPIST ART) ပြောရမလား။

ခေတ်သစ် လူ့အဖွဲ့အစည်း တစ်ခုပေါ်မှာတော့ ညိုသစ်နဲ့စန်းဦးဟာ ပြစ်တင်ရှုတ်ချမှုတွေ ရှိကောင်း ရှိနိုင်ပါလိမ့်မယ်။ ကျွန်တော်တို့မှာ အနုပညာနဲ့ ဒဏ္ဍာရီကို ခွဲခြားကြည့်တတ်ဖို့ ခံစားတတ်တဲ့ နှလုံးသားတွေ လိုနေတယ်။

ကျွန်တော်တို့ရဲ့ ပျင်းရိမှု၊ အသိဉာဏ် နည်းပါးမှုတွေကြောင့် သတိမထားလိုက်မိဘဲ တိမ်မြုပ် ငုပ်လျှိုးသွားတဲ့ အမှန်တရားတွေ ရှိနေတယ်၊ ဒါတွေထဲက တစ်ခုကတော့ ကဗျာ၊ ပန်းချီ၊ ဗိသုကာ၊ ပန်းပုနဲ့ ဂီတဆိုတဲ့ တစ်အူထုံ့ဆင်း အနုပညာနယ်တွေဟာ စကားပြေ စာရေးဆရာတစ်ယောက်အတွက် စိတ်ဓာတ်ရေးရာ တိုးကြွယ်လာစေနိုင်ပြီး၊ သူ့အရေးအသားတွေကိုလည်း စွမ်းအားပိုမို ကောင်းမွန်လာစေနိုင်တယ် ဆိုတာပါပဲ။

ပန်းချီရဲ့ အသွေးအရောင်၊ ကဗျာရဲ့ လန်းဆန်းတဲ့ ဝေါဟာရ၊ ဗိသုကာမျဉ်းများရဲ့ ညီညွတ်ပေါင်းစည်းမှု၊ ပန်းပုရုပ်ရဲ့ တိုက်ရိုက်ဆွဲဆောင်ချက်၊ ဂီတရဲ့ အခြေခံသဘောတွေဟာ စကားပြေကို ထပ်ဖြည့်ပေးကြတဲ့ ရတနာတွေပါပဲ။

mgyoe.com

mgyoe.com


တကယ့်အနုပညာသမား တစ်ယောက်အနေနဲ့ ကမ္ဘာကြီးအတွက် အဖိုးထိုက်တန်တဲ့ အရာသစ်၊ အသစ်တစ်ခုပေးခဲ့ဖို့ ကြိုးစားမယ်ဆိုရင် သူဟာ လောကရှုကွင်းကို ပိုမိုကျယ်ပြန့်လာစေနိုင်တာ မှန်သမျှ ရှောင်ကွင်းမသွားဘဲ မြင့်နိုင်သမျှ မြင့်နေကြမှာပဲ။

ဖန်တီးမှု အနုပညာအသစ်တိုင်းမှာ လွယ်လင့်တကူ လက်ခံချောမွေ့ဖို့တော့ မရပေဘူး၊ ဖောက်ထွက်တဲ့အသစ်ဟာ အပိတ်အဆို့ အဟန့်အတားတွေ ဆိုတာလည်း ရှိနေမှာပဲ။

နားလည်ခြင်း၊ နားမလည်ခြင်းဆိုတဲ့ ပြဿနာဟာလည်း နေရာတကာမှာ မကြာခဏဆိုသလို ကြားနေရ၊ ကြုံနေရကြရတာပဲ၊ ဒါကိုပြောရရင် အနုပညာ လက္ခဏာတစ်ရပ် ဖန်တီးသူနှင့် ခံစားသူတို့ရဲ့ အကွာအဝေးပေးဆပ်မှု ရယူမှု အနည်းအများကိုလိုက်၍ အချည်းနှီး ပြစ်တင်ရှုတ်ချကောက်ချက်မချသင့်ပေဘူး။

ဖန်တီးသူရဲ့ ရင်ဘတ်နှင့် ခံစားသူရဲ့ ရင်ဘတ် ဘယ်လောက်နီးသလဲ၊ ခံစားသူဘက်ကလည်း အနုပညာကိုယ်ခံအား ကောင်းဖို့လိုတယ်။

ရှုမြင်ဖို့ဆိုတာ လျှောက်ကြည့်ရုံသက်သက် မဟုတ်ပါဘူး၊ မြင်တတ်အောင် သင်ရဦးမယ်။

"ရာဇဝင်မှာ နေ့ဦးကျန်ခဲ့မယ်" နဲ့ "နာနာဘာဝ မော်တော်ကား" ညီသစ်နဲ့ စန်းဦး သူတို့နှစ်ယောက်လုံးဟာ ဖုန်တွေ အထပ်ထပ်တင်နေပြီး ပြတင်းပေါက်တွေ အသေပိတ်ထားတဲ့ အခန်းထဲကပြတင်းကို ရိုက်ဖွင့်ပြီး၊ အပြင်လေရချင်တဲ့ဆန္ဒ တူညီတာကို တွေ့ရတယ်၊ မိုးစက်ကျသံ၊ ကလေးငိုသံ၊ ဖြတ်သွားတဲ့ ရထားခေါင်းတွဲရဲ့ ဥသြသံတွေ ကြားချင်မယ်၊ စိုရွှဲနေတဲ့ လမ်းပေါ်က အရောင်ပြေးကို ကြည့်ချင်မယ်၊ အလင်းတွေ၊ အရောင်တွေ အသံတွေ စုံနေတဲ့ဘဝကို အတွင်းထဲလာဖို့ ရင်ဘတ်တွေ ဖွင့်ထားကြတယ်။

သဘာဝရဲ့အရောင်တွေနဲ့ အလင်းရောင် ကစားတာတွေဟာ ကြည့်ရှုလေ့လာဖို့ သက်သက်သာမဟုတ်ပါဘူး၊ တွေ့ကြုံခံစားဖို့ပါဖြစ်တယ်၊ အနုပညာရှင်ရဲ့ နှလုံးသားထဲမှာ အမြစ်တွယ်နေတဲ့ အရာသာလျှင် တကယ်အသုံးကျတာမို့ပါပဲ။

mgyoe.com

mgyoe.com


ပန်းချီဆရာဟာ စာရေးဆရာအတွက် အရောင်နဲ့အလင်းကို နားလည် မြတ်နိုးလာအောင် ကူညီပေးတယ်၊ ပန်းချီဆရာဟာ ကျွန်တော်တို့ မမြင်လိုက်တာတွေကို မြင်တတ်တယ်။

ပြင်သစ်ပန်းချီဆရာ ကလော်ဒီမိုးနေးဟာ ဝက်စ်မင်တာဘုရားရှိခိုးကျောင်းကြီးကို လန်ဒန်မြို့ရဲ့ မြူဖုံးတဲ့နေ့တစ်နေ့ ပန်းချီရေးခဲ့တယ်၊ ဂိုသစ်ဟန်အခြေခံကွန်တိုမျဉ်းတွေကို မြူတွေကြားက ခပ်ဝါးဝါးသာတွေ့ရတယ်၊ ဒီကားကို လန်ဒန်ပြပွဲမှာ သွင်းလိုက်တော့ ဂယက်ရိုက်သွားတယ်။

လန်ဒန်သားတွေဟာ မိုးနေးက မြူကိုအနီမှိုင်းမှိုင်းနဲ့ ဆွဲထားတာကြောင့် အံ့သြသွားကြတယ်၊ မြူကို မီးခိုးပြာရောင်ကလွဲလို့ တခြားဘာရောင်နဲ့များ ဘယ်သူမြင်ဖူးလို့လဲ၊ မိုးနေးရဲ့ ရဲရင့်မှုကြောင့် ပရိသတ်ဟာ ဒေါသထွက်သွားတယ်၊ ဒါပေမဲ့ လန်ဒန်သားတွေဟာ ပြခန်းထဲက လမ်းဘက်ကို ထွက်ပြီး သေသေချာချာ ကြည့်လို့ကတော့ မြူတွေမှာ နီမှိုင်းမှိုင်းအရောင် ပါနေတာ တွေ့ကြရတော့တယ်၊ ဘာပဲဖြစ်ဖြစ် လန်ဒန်သားတွေကို မြူကို ကြည့်တတ်ဖို့ သင်ပေးသွားတာပဲ။

ကျွန်တော်တို့တတွေ မကြာခဏဆိုသလို အမှန်ညံ့တာရော၊ တလွဲညံ့တာရောတို့ကြောင့် ခြောက်ကပ်ရိုးအသွားတဲ့ စကားလုံးတွေ တွေ့နေရတယ်၊ ဒါကို ကဗျာဆရာတွေက ဝိညာဉ်အသစ် သွင်းပေးနိုင်ရမယ်။

စကားပြေဆရာ တစ်ယောက်အတွက် အရေးကြီးဆုံးကတော့ ပြည့်စုံတဲ့ စကားပြေတစ်ပုဒ်ဟာ တက်ယ့်ကဗျာတစ်ပုဒ်ထက် မပိုဘူး၊ မလျော့ဘူး ဆိုတာ အသိအမှတ် ပြုထားဖို့ဖြစ်တယ်၊ လာမွန်တော့ရဲ့ "တမန်" ပုရှကင်ရဲ့ "ကပ္ပတိန်ရဲ့ သမီးပျို" ဝတ္ထုတို့ဟာ ချက်ကော့အလိုအရ စကားပြေနဲ့ ကဗျာ ဘယ်လောက် နီးနီးကပ်ကပ် ဆက်စပ်နေတယ်ဆိုတာ ပြထားတာတွေပဲ။

"ကဗျာနဲ့ စကားပြေကြား ဘယ်မှာ နယ်နိမိတ်မျဉ်း ရှိတယ်ဆိုတာ ကျွန်တော် ဘယ်တော့မှ သိမှာမဟုတ်ပါဘူး" လို့ တော်စတွိုင်းက သူ့ "လူငယ်နေ့စဉ်မှတ်တမ်း" ထဲမှာ စိတ်ဝင်စားစရာ ရေးခဲ့တယ်၊ သူက "ကဗျာနဲ့ စကားပြေ ပျော်ရွှင်မှုနဲ့ ဝမ်းနည်းမှုတို့ဟာ ဘာကြောင့် ဒီလောက် နီးနီးကပ်ကပ် ဆက်စပ်နေရတာလဲ" လို့ ဆက်ဆိုခဲ့တယ်။

mgyoe.com